မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၆)

ဆင့်အကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကျင်းပ

ရန်ကုန်　ဇွန်　၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆင့်အကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု *စာမျက်နှာ ၃ ကော်လံ ၅* *

မြစ်ကြီးနားမြို့တစ်ခွင် ဖွံ့ဖြိုးစည်ပင်

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

မြစ်ကြီးနား　ဇွန်　၂၇(ဖက်စ်)

မြစ်ကြီးနားမြို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သည်။ ဤမြို့သည် ယခုအခါ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသဖြင့် ပိုမို ဖွံ့ဖြိုးစည်ပင်လာသည်။

ဟန်ချက်ညီညီ

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၏ တိုးတက်ပြောင်းလဲလာသော မြင်ကွင်းများကို တွေ့မြင်နေရပေပြီ။

အချက်အချာကျ

မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မီးရထား၊ မော်တော်ယာဉ်တို့ဖြင့် တိုက်ရိုက်သွားရောက်နိုင်သည်။ ထို့အပြင် လေကြောင်းခရီးဖြင့် မြစ်ကြီးနားမြို့မှ မန္တလေး၊ ရန်ကုန်နှင့် ပူတာအိုအထိ သွားရောက်နိုင်သည်။

ဤသို့ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာမှုကြောင့် ဒေသတစ်ခုနှင့် တစ်ခုကြား ကူးလူးဆက်ဆံမှုများပြားလာကာ မြစ်ကြီးနားမြို့ကို ပိုမိုသစ်လွင် တိုးတက်ပြောင်းလဲစေခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၃ ●

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်ထောင်စုလမ်းမကြီးကို ဤသို့ သန့်ရှင်းသပ်ရပ်စွာ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

လမ်းလယ်ကျွန်း

မြစ်ကြီးနားမြို့၏ သန့်ရှင်းသာယာလှပသော လမ်းလယ်ကျွန်းများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၈ ရက်)

စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များ စံချိန်မီထုတ်လုပ် ပြည်တွင်း စက်မှုလက်မှုဖွံ့ဖြိုးရေး တိုးမြှင့်ဖော်ဆောင်

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၀၉ကို ဇွန်လ၂၆ရက်နေ့မှ ၂၈ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည်။

ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၀၉ကို မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးရေး အခြေခံစားသောက်ကုန်များအား တစုတစည်းတည်း နိုင်ငံတကာအဆင့်မီပြသရန်၊ လာရောက်ကြည့်ရှုသော အများပြည်သူများအနေဖြင့် ပြည်တွင်းဖြစ် စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များကို ပိုမိုသိရှိရင်းနှီးလာစေရန်၊ လုပ်ငန်းခွင်အချင်းချင်း စီးပွားရေးဆက်သွယ်မှုရရှိနိုင်ရေးနှင့် ဈေးကွက်များ ချဲ့ထွင်နိုင်စေရန်၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများနှင့် ခေတ်မီစက်ကိရိယာများ၏ နည်းပညာအဆင့်အတန်းများကို လေ့လာခြင်းဖြင့် ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ စံချိန်စံနှုန်းများပြည့်မီပြီး အရည်အသွေးများ မြင့်မားလာစေရန် ရည်ရွယ်ကာ ခင်းကျင်းပြသနေခြင်း ဖြစ်သည်။

စားသောက်ကုန်လုပ်ငန်းသည် ပြည်တွင်းစက်မှုလက်မှု ဖွံ့ဖြိုးရေးအတွက်သာမက ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရေးအတွက်ပါ အားထားရသည့်ကဏ္ဍတစ်ခု ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝပြီး လယ်ယာထွက်ကုန်နှင့် ရေထွက်ပစ္စည်းများ ပေါများစွာရှိသည်။ ရေမြေ၊ သဘာဝသယံဇာတ လူ့အရင်းအမြစ် ပိုင်ဆိုင်သည့်အလျောက် စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များအတွက် ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်ရန် အခြေအနေကောင်းများ ပေးလျက်ရှိသည်။

ပြည်တွင်းရှိ စားသောက်ကုန်လုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အဆင့်ရောက်ရှိရန် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက တစ်တပ်တစ်အား ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာ့စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်များ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းရန်အတွက် ပြည်တွင်းထွက် စိုက်ပျိုးရေး အခြေခံစားသောက်ကုန်များ၏ အရည်အသွေးမြင့်မားရန်၊ ပြည်တွင်းပြည်ပ စားသောက်ကုန် ဖြန့်ဖြူးရေးတွင် ဆက်စပ်ပါဝင်လျက်ရှိသော လုပ်ငန်းစဉ် အဆင့်ဆင့် ချိတ်ဆက်မိစေရန်၊ စားသောက်ကုန် ထုတ်လုပ်သူများ၏ အသိအမြင်နည်းပညာနှင့် အရည်အသွေး တိုးတက်မြင့်မားလာရန်တို့သည် အဓိကကျသော အချက်များပင်ဖြစ်သည်။

သို့ဖြစ်ပေရာ ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ၂၀၀၉သည် ပြည်တွင်းဖြစ် စားသောက်ကုန်များအပါအဝင် မြန်မာ့စားသောက်ကုန်များကို ဖွင့်လှစ်ပြသခြင်းဖြင့် ပြည်တွင်းစက်မှုလက်မှု ဖွံ့ဖြိုးရေးအတွက်သာမက ပြည်ပပို့ကုန်များ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းရရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ချောက်ဂျီတီအိုင် ကျောင်းသားဟောင်းများ စုပေါင်းအလှူဒါနပြုပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၇

ချောက်ဂျီတီအိုင် ကျောင်းသားဟောင်းများ၏ (၂၁) ကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲများကို ဇူလိုင်၄ရက်(စနေနေ့)ညနေ ၃နာရီတွင် မန္တလေးမြို့ ၃၁လမ်း×၇၁ လမ်းထောင့်ရှိ နန်းဦးတိုက် မော်လမြိုင်ကျောင်းတွင်လည်းကောင်း၊ ၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မကွေးမြို့ဝေဠုဝန်ကျောင်းတိုက်တွင်လည်းကောင်း၊ ၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (၃) လမ်းမှတ်တိုင် အနီးရှိအဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော်ကြီးတွင် လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အခမ်းအနားများသို့ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို မန္တလေးမြို့ ဦးသောင်းညွန့် ဖုန်း-၀၂-၆၄၅၀၀၊ ဦးထိန်ဝင်း ဖုန်း-၀၉-၂၀-၂၅၅၄၆၊ မကွေးမြို့ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃-၆၀၄၉၅၊ ရန်ကုန်မြို့ ဦးခင်စိုး ဖုန်း-၀၉-၅၁-၃၆၄၈၁နှင့် ဦးကြည်ဝင်း ဖုန်း-၀၉-၅၀-၈၃၉၃၄ တို့ထံ ဆက်သွယ်မေးမြန်းလှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပန်းတနော်လမ်းနေ ဦးထွန်းထွန်း-ဒေါ်ခင်သူဇာဝင်း သမီး မခင်လမင်းထွန်း၊ မခင်ယမင်းထွန်း၊ သား-မောင်ဖွဲ့ဉာဏ်ဆက် မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ် လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြား

၂၈-၆-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၃၆)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၃၀	၆။	ကျန်းမာသုတ
၁၃း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ရဲ့ဆွဲအား** (အပိုင်း-၂)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၁။	လျှပ်တစ်ပြက်
၆း၄၅	၁၂။	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၁၇)
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်သိုင်းမောင်နှံ** (အပိုင်း-၂၀)

ဟိုတယ်/ခရီး ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကျိုက်လတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဇွန်၂၂ရက်က ကျိုက်လတ်မြို့နယ် ရွှေရတုရိပ်သာ အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ခံများနှင့်တွေ့ဆုံ၍ ကျိုက်လတ်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားကာ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှားငံမြို့နယ်စည်ပင် မြို့သာယာလှပရေး လုပ်ငန်းဆောင်ရွက်

ရှားငံ ဇွန် ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှားငံမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့သာယာလှပရေး လုပ်ငန်းအတွက် မြို့ဝင်ကတ်တုံးများဆောင်ရွက်နေမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စည်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (မြို့နယ် ပြန်/ဆက်)

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ

ရန်ကုန် ဇွန် ၂၇

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ် စုပေါင်းအလှူပွဲကို အသင်းတိုက်ခမ္ဘာရုံ အမှတ် ၅၇ အာဇာနည်လမ်း မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက် ဗဟန်းမြို့နယ်၌ ဇူလိုင် ၁၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အသင်းသားအသင်းသူများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

အလှူငွေများ၊ လှူဖွယ်ပစ္စည်းများကို နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ပြီး မြို့နယ်အသင်း (ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ယခုနှစ်တွင် ဒေးဒရဲမြို့ မြို့လယ်သံတန်ဆောင်းကြီးတွင် ဇူလိုင် ၂၇ရက်၌သွားရောက်ကျင်းပရန် အမှုဆောင်အဖွဲ့က စီစဉ်ထားသည်။ လိုက်ပါလိုသူများ ဒလဘက်ကမ်း ကားဂိတ်သို့ ယင်းနေ့ နံနက် ၇ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

စာကြည့်တိုက်ဖွံ့ဖြိုးရှင်သန်ရေး ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ကျင်းပ

ရန်ကုန် ဇွန် ၂၇

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ဖွံ့ဖြိုးရှင်သန်ရေး ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက (၅၁)ရပ်ကွက် အလိမ္မာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက်ဖွံ့ဖြိုးရှင်သန်ရေးအတွက် စာငှားကတ်စနစ်ဖြင့် ဆောင်ရွက်ရေး ဆွေးနွေးဟောပြောပြီး (၀ဲပုံ) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းသိန်းက ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် စာဖတ်ဝိုင်း ကျင်းပရာ မေ ၁၃ရက်ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် မောင်ဆုရှင်၏ စာဖတ်ကြရေး မေတ္တာစာ ဆောင်းပါးကို ဦးတင်ဆန်းအောင်က ဖတ်ကြားပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆင္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ စတင်ကျင်းပစဉ်။ (သတင်းစဉ်)

သာသနာတော်၏ ရှေ့ရေးကိုသာ အလေးဂရုပြုတော်မူကြလျက် အချင်းချင်းညီညွတ်နှိုင်းတိုင်ပင်၍ သာသနာပြုစိတ်ဓာတ်ထက်သန်စွာဖြင့် ဆောင်ရွက်တော်မူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော သဘာပတိ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်၏ သာရဏီယသြဝါဒကထာ-

[၁၃၇၁-ခုနှစ်၊ ဝါဆိုလဆန်း ၆ရက် (၂၇-၆-၂၀၀၉) ၊ စနေနေ့]

ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ သာသနာတော်သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးကို အလေးဂရုပြုကာ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူကြလျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်အောင်, အရှည်ခံ့၍ တည်တံ့အောင်, စည်ပင်ပြန့်ပွား ထွန်းကားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား ရှေးဦးစွာ လျှောက်ထားပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့နှင့် ယခုလို လေးလတစ်ကြိမ် မျက်နှာစုံညီ တွေ့ဆုံကြ၍ သာသနာရေးရာအဖြာဖြာသော ကိစ္စတို့ကို လျှောက်ထားတင်ပြ ဆွေးနွေးတိုင်ပင်ခွင့်ရသည့်အတွက် နှစ်သက်အားရ ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

"ဒွေမာ ဘိက္ခဝေ ပရိသာ။ ကတမာ ဒွေ ? ပရိသာကသဋော စ ပရိသာမဏ္ဍော စ" (အံ၊ ၁၊ ၇၂) စသည်ဖြင့် အနှစ်ကင်း၍ သိမ်ဖျင်းသော အမှိုက်သရိုက်နှင့်တူသော ကသဋ ပရိသတ်နှင့် အနှစ်ရှိ၍ ကြည်လင်သော မဏ္ဍပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ ရဟန်းတို့သည်-

ချစ်သဖြင့် မလားအပ်သောအရာသို့ လားခြင်း **ဆန္ဒာဂတိ**၊

မုန်းသဖြင့် မလားအပ်သောအရာသို့ လားခြင်း **ဒေါသာဂတိ**၊

တွေဝေသဖြင့် (မသိနားမလည်သဖြင့်) မလားအပ်သောအရာသို့ လားခြင်း **မောဟာဂတိ**၊

ကြောက်သဖြင့် မလားအပ်သော အရာသို့ လားခြင်း **ဘယာဂတိ** ဟူသော အဂတိလေးပါးသို့ လိုက်ကုန်၏။

ဤပရိသတ်သည် အနှစ်ကင်း၍ သိမ်ဖျင်းသော အမှိုက်သရိုက်နှင့်တူသော **ကသဋ** ပရိသတ်မည်ပါသည်။

အကြင်ပရိသတ်၌ ရဟန်းတို့သည် ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိ ဟူသော အဂတိလေးပါးသို့ မလိုက်ကုန်။ ဤပရိသတ်သည် အနှစ်ရှိ၍ ကြည်လင်သော **မဏ္ဍ** ပရိသတ် မည်ပါသည်ဘုရား။

ဤပရိသတ်နှစ်မျိုးတို့တွင် အနှစ်ရှိ၍ ကြည်လင်သော **မဏ္ဍ**ပရိသတ်သည် မြတ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အားလုံးတို့၏ ယုံကြည်ကိုးစား အားထားရသော အမြင့်ဆုံးအဖွဲ့ကြီး ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိသတ်နှစ်မျိုးတို့တွင် အနှစ်ကင်း၍ သိမ်ဖျင်းသော အမှိုက်သရိုက်နှင့်တူသော ကသဋပရိသတ်မျိုးမဖြစ်စေဘဲ အနှစ်ရှိ၍ ကြည်လင်သော၊ မြတ်သော မဏ္ဍပရိသတ်မျိုးဖြစ်အောင် သတိဆောင်တော်မူကြပါရန် သာသနာ့အရေး မျှော်တွေးလျက် လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ထို့ပြင်

"ဒွေမာ ဘိက္ခဝေ ပရိသာ။ ကတမာ ဒွေ ? အဓမ္မဝါဒိနီ စ ပရိသာ, ဓမ္မဝါဒိနီ စ ပရိသာ" (အံ၊ ၁၊ ၇၅) စသည်ဖြင့် အမှန်တရားကို ဆိုလေ့မရှိသော အဓမ္မဝါဒီ၊ ပရိသတ်နှင့် အမှန်တရားကို ဆိုလေ့ရှိသော ဓမ္မဝါဒီပရိသတ်ဟူ၍ ပရိသတ်နှစ်မျိုးကိုလည်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထိုနှစ်မျိုးတို့တွင် အကြင်ပရိသတ်၌ ရဟန်းတို့သည် တရားလမ်းကြောင်းကျသော အဓိကရဏ်းကိုဖြစ်စေ၊ တရားလမ်းကြောင်းမကျသော အဓိကရဏ်းကိုဖြစ်စေ စွဲကိုင်ပြီး အချင်းချင်း နားလည်သဘောပေါက်အောင် ပြောဆိုဆွေးနွေးခြင်းမပြုကြကုန်။ ထိုရဟန်းတို့သည် အချင်းချင်း နားလည်သဘောပေါက်အောင် မပြောခြင်းဟူသော အားရှိကုန်လျက် (သူတို့ သဘောမပေါက်လည်း အရေးမစိုက်ပါဘူးဟု သဘောထားကုန်လျက်) အယူမှားကို စွန့်လွှတ်ရန် တိုင်ပင်ဆွေးနွေးခြင်းမရှိကုန်ဘဲ ထိုအဓိကရဏ်းကိုပင် မှားသောအမြင်၊ မှားသော သုံးသပ်ခြင်းဖြင့် သက်ဝင်စွဲလမ်း၍ "ငါ့အယူသာ မှန်၏။ တစ်ပါးသော အယူသည် အချည်းနှီးသာတည်း"ဟု ပြောဆိုကုန်၏။ ထိုပရိသတ်သည် အမှန်တရားကို ဆိုလေ့မရှိသော **အဓမ္မဝါဒီ** ပရိသတ်မည်ပါသည်။

အကြင်ပရိသတ်၌ ရဟန်းတို့သည် တရားလမ်းကြောင်းကျသော အဓိကရဏ်းကိုဖြစ်စေ၊ တရားလမ်းကြောင်းမကျသော အဓိကရဏ်းကိုဖြစ်စေ စွဲကိုင်ပြီး အချင်းချင်း နားလည်သဘောပေါက်အောင် ပြောဆိုဆွေးနွေးခြင်း ပြုကြကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း နားလည်သဘောပေါက်အောင် ပြောဆိုခြင်းဟူသော အားရှိကုန်လျက် (အချင်းချင်း နားလည်သဘောပေါက်အောင် ဆွေးနွေးပြီးမှ အဓိကရဏ်းကို ဖြေရှင်းမည်ဟု သဘောထားကုန်လျက်) အယူမှားကို စွန့်လွှတ်ရန် တိုင်ပင်ဆွေးနွေးခြင်း ရှိကြကုန်လျက် ထိုအဓိကရဏ်းကို မှားသောအမြင်၊ မှားသော သုံးသပ်ခြင်းဖြင့် သက်ဝင်စွဲလမ်း၍ "ငါ့အယူသာ မှန်၏၊ တစ်ပါးသော အယူသည် အချည်းအနှီးသာတည်း"ဟု မပြောဆိုကြကုန်။ ဤပရိသတ်သည် အမှန်တရားကို ဆိုလေ့ရှိသော ဓမ္မဝါဒီပရိသတ်မည်ပါသည်။

ဤပရိသတ်နှစ်မျိုးတို့တွင် အမှန်တရားကို ဆိုလေ့ရှိသော ဓမ္မဝါဒီပရိသတ်သည် မြတ်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော်တို့၏ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ တိုင်းနှင့် ပြည်နယ်အသီးသီး၌ ဖြစ်ပေါ်လာသမျှ ဝိနိစ္ဆယရေးကိစ္စ, သာသနာရေးကိစ္စ, ပညာရေးကိစ္စ ဟူသမျှတို့ကို ဖြေရှင်းဆောင်ရွက်နေရသော အမြင့်ဆုံး အဖွဲ့အစည်းကြီးဖြစ်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ အားလုံးတို့၏ ယုံကြည်ကိုးစား အားထားလောက်သော အမြင့်ဆုံး အဖွဲ့အစည်းကြီးဖြစ်ရန် အမှန်တရားကို ဆိုလေ့ရှိသော ဓမ္မဝါဒီပရိသတ်ဖြစ်အောင် သတိဆောင်တော်မူကြပါရန်လည်း ထပ်မံ လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဘုရားတပည့်တော် အထူးလျှောက်ထားလိုသည်မှာ ဆဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး၌- **(နိုင်ငံတော်မှစ၍ ရပ်/ကျေးအထိ သံဃာ့အဖွဲ့အစည်းများ ကျစ်လျစ်စွာ တည်တံ့နိုင်အောင် "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း"နှင့် "လုပ်ထုံးလုပ်နည်းများ"၌ ပျော့ကွက်၊ ဟာကွက် လိုအပ်ချက်များကို လေ့လာစိစစ်၍ ဖြည့်စွက်၊ ပြင်ဆင်၊ ဖြုတ်ပယ်သင့်သည်များကို ဖြည့်စွက်၊ ပြင်ဆင်၊ ဖြုတ်ပယ်လျက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ ယခုထက် ကျစ်လျစ်ခိုင်မာစွာ တည်တံ့နိုင်အောင် ပြုလုပ်သင့်ပါသည်)** ဟုလည်းကောင်း၊ ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တမအစည်းအဝေး၌ **(ဆရာတော်အရှင်မြတ်တို့ဘုရား- သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ရန်ကိစ္စသည် သာသနာတော်အတွက် အလွန်အရေးကြီးသော ကိစ္စဖြစ်သဖြင့် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များချည်း ညှိနှိုင်းတိုင်ပင်၊ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ်ခြင်းများကို မပြုသေးဘဲ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များထဲမှ သင့်လျော်သော ဆရာတော်များ၊ မူလဝန်ဆောင် (၆၆)ပါးတွင် ပါဝင်၍ သက်တော်ထင်ရှားရှိပြီး ဆောင်ရွက်နိုင်မည့် ဆရာတော်များ၊ အခြားပညာရှင်များနှင့်ပါ သေချာစေ့စပ်စွာ ညှိနှိုင်းတိုင်ပင်ပြီး ဂိုဏ်းပေါင်းစုံ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် သံဃာထု အများစု၏ ဆန္ဒဖြင့်သာ ဆောင်ရွက်သင့်သည်)** ဟုလည်းကောင်း ဘုရားတပည့်တော် လျှောက်ထားတင်ပြခဲ့ပါသည်ဘုရား။

ယခုအခါ ဘုရားတပည့်တော်၏ ထိုလျှောက်ထားချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဆဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပဉ္စမအစည်းအဝေးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာများ ပြင်ဆင်ရန်ကိစ္စကို စိစစ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေသည်ကို သိရပါသဖြင့် လွန်စွာဝမ်းမြောက်ပါသည်ဘုရား။

ထိုသံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ နာယကလက်စွဲ၊ ညွှန်ကြားလွှာများအနက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းပါ အပိုဒ်များကို ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကသာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်ဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အထူးအစည်းအဝေး ခေါ်ယူရန် လိုအပ်ပါသည်ဘုရား။ ယင်းဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အထူးအစည်းအဝေး ခေါ်ယူရန်ကိစ္စသည် လွယ်ကူသောကိစ္စ မဟုတ်ပါ။ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုကို ရမှသာ ပြုလုပ်နိုင်မည့်ကိစ္စ ဖြစ်ပါသည်။ ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရသည် သာသနာတော်ကို အထူးအလေးပေးကာ အားပေးချီးမြှောက် ထောက်ပံ့နေသော အစိုးရဖြစ်၍ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အထူးအစည်းအဝေး ခေါ်ယူရန်ကိစ္စကိုလည်း ဆောင်ရွက်ပေးလိမ့်မည်ဟု ယုံကြည်ယူဆပါသည်။

ယင်းသို့ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ အထူးအစည်းအဝေး ခေါ်ယူကျင်းပခြင်းသည် အလွန်ရခဲသော အခွင့်အရေးဖြစ်ပါသည်။ ထိုရခဲသော အခွင့်အရေးကို ရရှိခိုက် ယင်းအခွင့်အရေးကို ပီပီပြင်ပြင် ထိုက်ထိုက်တန်တန်ဖြစ်အောင် အထူးအလေးထားကာ အသုံးချ ဆောင်ရွက်တော်မူကြရန် လိုအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

"ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" (ဝိဋ္ဌ, ၁၊ ၁၁၊)-ဟူသော ပါရာဇိက ကဏ္ဍ အဋ္ဌကထာ မိန့်မှာအပ်သည်နှင့်အညီ ဝိနည်းတော်မည်သည် ဘုရားရှင်သာသနာတော်၏ အသက်သွေးကြောဖြစ်သကဲ့သို့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းစသော စည်းကမ်းဥပဒေများသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ အသက်သွေးကြောဖြစ်ပါသည်။ ဝိနည်းတော်တည်တံ့မှ သာသနာတော် တည်တံ့သကဲ့သို့ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းစသော စည်းကမ်းဥပဒေများ ပီပီပြင်ပြင် ကျစ်လျစ်ခိုင်မာစွာ တည်တံ့နေမှသာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်လည်း တည်တံ့ခိုင်မြဲနေနိုင်ပါသည်။

သို့ဖြစ်၍ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း စသည်တို့ကို ပြင်ဆင်ခြင်း, ဖြည့်စွက်ခြင်း, နုတ်ပယ်ခြင်း စသည်တို့ကို ပြုလုပ်တော်မူကြရာ၌ အခြားပုဂ္ဂိုလ်များက မလှုပ် မချောက်ချားနိုင်လောက်အောင် ပျော့ကွက်၊ ဟာကွက် ချို့ယွင်းချက်များ ကင်းစင်နိုင်သမျှ ကင်းစင်စေ၍ ဒေသစွဲ, ဂိုဏ်းဂဏစွဲ, ပုဂ္ဂိုလ်စွဲ စသည့် အစွဲအလမ်းတို့ကို ပယ်ရှားကာ သာသနာတော်၏ ရှေ့ရေးကိုသာ အလေးဂရုပြုတော်မူကြလျက် မိမိတို့ အချင်းချင်း စေ့စပ်သေချာစွာ ညှိနှိုင်းတိုင်ပင်၍လည်းကောင်း၊ ပညာရှင် ရဟန်း ရှင်လူတို့၏ အကြံဉာဏ်များကို ရယူ၍လည်းကောင်း၊ အဖန်ဖန် အထပ်ထပ် စိစစ်သုံးသပ်၍လည်းကောင်း သာသနာပြုစိတ်ဓာတ် ထက်သန်ပြည့်ဝစွာဖြင့် ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ချက်များ ပြုလုပ်ဆောင်ရွက်တော်မူကြပါဟု အကြံပြုလျက် ဘုရားတပည့်တော်၏ သာရဏီယ သြဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

ဘဒ္ဒန္တကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

*** ရှေ့ဖုံးမှ**

အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကျင်းပကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာတော်မူသည်။

သြဝါဒကထာမြွက်ကြား

ထို့နောက် သဘာပတိ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

(ဝန်ကြီး၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာကို သီးခြား ဖော်ပြထားပါသည်။)

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍသိရီက တင်သွင်းလျှောက်ထားသည်။

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပက်အင်းကြီးကျေးရွာ ကျောင်းဆောင်သစ်ဖွင့်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပက်အင်းကြီးကျေးရွာ၌ The People of Singapore ၏ လှူဒါန်းငွေဖြင့် Mercy Relief Singapore နှင့် Accel International Co., Ltd. (Canon) တို့ အတူတကွပူးပေါင်း၍ တည်ဆောက်လှူဒါန်းပေးခဲ့သော အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံရုံးမှ Ms.Vanessa Chan, (Counsellor / Deputy Chief of Missoion)၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

အစီအစဉ်အရ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကြွရောက်လာကြသော ဧည့်သည်တော်များက ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပန်းအလှပင်များ ခမ်းပတ်၌ စိုက်ပျိုး

ခမ်းပတ် ဇွန် ၂၇

ခမ်းပတ်မြို့ စည်ပင်သာယာရေးအဖွဲ့သည် ဇွန် ၁၃ ရက်က ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ပန်းကွက်များတွင် ပန်းအလှပင်များ ပုံဖော်ခြင်း၊ ရွှေ့ပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းကို မြို့တာဝန်ခံ ဦးအေးမင်းထွန်း ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တင်သွင်းလျှောက်ထား

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၂နာရီခွဲတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာ ကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက တင်ပြဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ညနေပိုင်းတွင် ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ဂျပန်၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက် တရုတ်နိုင်ငံ ဖြစ်လာဟုဆို

အမ္မန် ဇွန် ၂၇

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ ဇွန် ၂၄ရက်က ကျင်းပသည့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ အဆင့်မြင့်အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်တစ်ဦး တက်ရောက်သည်။

၎င်းအစည်းအဝေး၌ နှစ်နိုင်ငံထိပ်တန်းခေါင်းဆောင်တို့က ဒေသတွင်း ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုတို့တွင် အပြန်အလှန် ရလဒ်ကောင်းများရရှိနိုင်ရေးတို့ကို ဆွေးနွေးသည်။

ထုတ်ပြန်

တရုတ်-ဂျော်ဒန်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် ၁၉၇၇ ခုနှစ်ကတည်းက စတင်ခဲ့ရာ နောင်အနာဂတ်ကာလ၌လည်း ဆက်လက်၍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးမှုများကို တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)က သတင်းထုတ်ပြန်သည်။

ဖော်ပြ

အထူးသဖြင့် တရုတ်နိုင်ငံသည် ဂျော်ဒန်နိုင်ငံ၏ ဒုတိယမြောက် အကြီးမားဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်လာရာ ယခင်နှစ်က နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၈၂ဘီလီယံ ရှိကြောင်း တရုတ်နိုင်ငံ၏ စာရင်းအင်းဌာနက ဖော်ပြသည်။ **(အင်တာနက်)**

လေကြောင်းပြပွဲ

ဩစတြီးယားနိုင်ငံ ဇယ်လ်ဝက်မြို့၌ ၂၀၀၉ ခုနှစ် လေကြောင်းပြပွဲ ကျင်းပလျက်ရှိသည်ကို ဇွန် ၂၇ရက်က တွေ့မြင်ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူ ဗီယက်နမ်၌ ၅၂ ဦးအထိ ရှိလာ

ဟနွိုင်း ဇွန် ၂၇

ဗီယက်နမ်နိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါလေးဦးထပ်မံဖြစ်ပွားရာ ၎င်းနိုင်ငံတွင် အဆိုပါရောဂါဖြစ်ပွားသူပေါင်း ၅၂ ဦးရှိလာကြောင်း ဇွန် ၂၅ရက်က နယူးစ်ဟနွိုင်း သတင်းစာ၌ ဖော်ပြသည်။

ပြန်လည်ရောက်ရှိ

A(H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူလေးဦးမှာ မြို့တော် ဟနွိုင်းနှင့် ဟိုချီမင်းမြို့များမှဖြစ်ပြီး ဩစတြေးလျနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အမျိုးသမီးနှင့် ဩစတြေးလျကမ္ဘာလှည့်ခရီးသည်များဖြစ်ကြောင်း အဆိုပါသတင်း ၌ဖော်ပြသည်။

ရောဂါဖြစ်ပွား

ဗီယက်နမ်နိုင်ငံတွင် ဟိုချီမင်း၌ ၂၇ ဦး၊ ဟနွိုင်း၌ လေးဦး၊ ကန်ဟွာပြည်နယ်၌ တစ်ဦးနှင့် နိုင်ငံ၏တောင်ပိုင်း ပြည်နယ်များ၌ ၂၀ A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည်။ (အင်တာနက်)

တရုတ်၌ ကျောက်မီးသွေးတွင်းပြိုကျ အလုပ်သမားများပျောက်ဆုံး

ကွမ်ကျိ. ဇွန် ၂၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုမြို့တွင် ဇွန် ၂၅ရက်က ကျောက်မီးသွေးတွင်း**(ယာပုံ)**၌ ရေလွှမ်းမှုဖြစ်ပွားပြီးနောက် ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပျောက်ဆုံး

ယင်းဖြစ်ရပ်ကြောင့် ကျောက်မီးသွေးတွင်း၌ အလုပ်သမား ၁၆ ဦး ပိတ်မိနေရာ ကယ်ဆယ်ရေးအဖွဲ့က သေဆုံးသူတစ်ဦး၏ အလောင်းကိုသာ ဖော်ယူနိုင်ခဲ့ပြီး ကျန်အလုပ်သမား ၁၅ ဦး ပျောက်ဆုံးလျက်ရှိသည်။

ရှာဖွေ

သက်ဆိုင်ရာအာဏာပိုင်များက အခင်းဖြစ်ဒေသကို ထိန်းသိမ်းထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

(အင်တာနက်)

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှုးမြို့၌ အဝေးထိန်းစနစ်ဖြင့် ကားဗုံးဖောက်ခွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂၆ ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ပွားမှုကြောင့် သုံးဦးသေဆုံးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

မက်ဒရစ်၌ ရထားနှစ်စင်းတိုက်မိ၊ ၅၇ ဦးဒဏ်ရာရရှိ

မက်ဒရစ် ဇွန် ၂၇

စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ အလူချီဘူတာရုံ၌ ဇွန် ၂၆ရက် နံနက်ပိုင်းက ရထားနှစ်စင်းတိုက်မိရာ ၅၇ ဦးဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ဆေးကုသမှုခံယူ

ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးအပါအဝင် ဒဏ်ရာရရှိသူ ၁၁ ဦးအား ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ရပြီး တစ်ဦးတစ်ယောက်မျှ အသက်အန္တရာယ် မစိုးရိမ်ရကြောင်း ပြောကြားသည်။

တိုက်မိခဲ့

အလူချီဘူတာရုံ၌ ရထားတစ်စင်း ရပ်နားနေစဉ် ဆန့်ကျင်ဘက်အရပ်မှ အရှိန်ဖြင့် ခုတ်မောင်းလာသော အခြားရထားတစ်စင်းက ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

တရုတ်နှင့် တောင်အာဖရိက ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်မည်

နယူးယောက် ဇွန် ၂၇

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျီချီနှင့် တောင်အာဖရိကမှ နိုင်ငံတကာဆက်ဆံရေး ဝန်ကြီး မာတီနာကိုနာမာရှာဘန်တို့ တွေ့ဆုံခဲ့စဉ် အနာဂတ်ကာလများ၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန်အတွက်ဆွေးနွေးခဲ့ကြသည်။

တိုးတက်မှု

၎င်းနှစ်နိုင်ငံသည် ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ စတင်ပြုလုပ်ချိန်မှစ၍ ယခုအချိန်အထိ တိုးတက်ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်က မာရှာဘန်အား ဇွန် ၂၅ရက်တွင် ပြောကြားခဲ့သည်။

ဆန္ဒရှိ

တောင်အာဖရိကသမ္မတ ဂျာကိုဘတ်ဇူးမားအနေဖြင့် တရုတ်နှင့် တောင်အာဖရိက ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အလေးထားသည်ကို တရုတ်နိုင်ငံက ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့်လည်း အနာဂတ်ကာလ၌ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ယန်က ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ဆိုမာလီ၌တိုက်ပွဲများ ဆက်လက်ပြင်းထန် မိုဂါဒစ်ရှူး၌ ပြည်သူများ ဘေးကင်းရာရွှေ့ပြောင်းရ

မိုဂါဒစ်ရှူး ဇွန် ၂၇

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ တပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများအကြား တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားရာ မိုဂါဒစ်ရှူးမြို့ရှိ ဒေသခံပြည်သူ ၂၆၀၀၀တို့သည် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြရကြောင်း ဇွန် ၂၆ရက်တွင် မီဒီယာများက သတင်းထုတ်ပြန်သည်။

တိုက်ခိုက်ချေမှုန်း

ယင်းတိုက်ပွဲများသည် မေလအစောပိုင်းကတည်းက ဖြစ်ပွားလျက်ရှိရာ ၎င်းနိုင်ငံအတွင်းရှိ အစွန်းရောက်အဖွဲ့အား တိုက်ခိုက်ချေမှုန်းနေခြင်းဖြစ်သည်။

အထူးသဖြင့် အမျိုးသမီးများအား အကြမ်းဖက်သမားများက အဓမ္မဖမ်းဆီးခေါ်ဆောင်လေ့ရှိခြင်းကြောင့် ၎င်းတို့အားလုံခြုံမှုရှိစေရန် ခိုလှုံရေးစခန်းများ၌ထားရှိကြရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ကြိုးတင်ကာကွယ်

တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ်၌ အပူလှိုင်းကျရောက်မှု ကြိုတင်ကာကွယ်ရေးအဖြစ် အပူချိန် တိုင်းတာသည့် ဝန်ထမ်းတစ်ဦး၏ လုပ်ငန်းခွင်ကို ဇွန် ၂၅ ရက်ကတွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တရုတ်-ဖင်လန် နည်းပညာပူးပေါင်းမှု အမြင့်ဆုံးရောက်ရှိ

ဟယ်လ်ဆင်ကီ ဇွန် ၂၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဖင်လန်နိုင်ငံအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုကဏ္ဍသည် အရှိန်အဟုန်အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဖင်လန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် လီကီကျွမ်က ဇွန် ၂၆ရက်၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အကြီးမားဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ဖင်လန်နိုင်ငံတို့၏ စီးပွားရေးသည် နှစ်နိုင်ငံအကြား အပြန်အလှန် ကူညီဖေးမ ခဲ့ကြသဖြင့် အသီးသီး အကျိုးဖြစ်ထွန်းမှုများ ရှိခဲ့ကြသောကြောင့် နှစ်နိုင်ငံအကြား နည်းပညာပူးပေါင်းဆောင်ရွက်မှုမှာ အကြီးမားဆုံးအဆင့်သို့ တိုးတက်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အထောက်အကူပြု

နည်းပညာနယ်ပယ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် မကြာသေးမီနှစ်များက ပူးပေါင်းလုပ်ဆောင်ခဲ့သော နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းနှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုနိုင်လိမ့်မည်ဖြစ်ကြောင်း လီက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသည့်ပညာပေးပြခန်း၌ လာရောက်ကြည့်ရှုနေသူများကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အင်ဒိုနီးရှားလေကြောင်းလိုင်း ၂၇ လိုင်း ဖျက်သိမ်းမည်

ဂျကာတာ ဇွန် ၂၇

အင်ဒိုနီးရှားနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက လေကြောင်းလိုင်း ၂၇လိုင်းကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ၎င်းရုံးအဖွဲ့၏ ပြောကြားချက်ကို ကွန်ပက်စ်ဒေးလီးသတင်းဌာနက ဖော်ပြသည်။

ဖျက်သိမ်း

အင်ဒိုနီးရှားလေကြောင်းလိုင်း ၃၈ လိုင်းအနက် ၎င်း ၂၇ လိုင်းမှာ ပြီးခဲ့သည့် ၁၂ လအတွင်း သတ်မှတ်စံချိန် ခရီးစဉ်အတိုင်း ပြေးဆွဲနိုင်မှု လျော့နည်းခြင်းကြောင့် ဖျက်သိမ်းရခြင်းဖြစ်ကြောင်း လေကြောင်းသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဟယ်ရီဘာတီက ပြောကြားသည်။

ယင်းလုပ်ငန်းစီမံကိန်း၏ လိုအပ်ချက်အရ ကျန်လေကြောင်းလိုင်း ၁၁ လိုင်းကိုသာ ဆက်လက်အသုံးပြုမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် အရောက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ လေကြောင်းလုပ်ငန်းပြန်လည်ဦးမော့လာမည်ဟု ယုံကြည်ထားကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်တပ်ဖွဲ့ လက်နက်ကိုင်များ ခိုအောင်းရာဒေသအား တိုက်ခိုက်

အစ္စလမ္မာဘတ် ဇွန် ၂၇

ပါကစ္စတန်နိုင်ငံတောင်ပိုင်း အာဖဂန်နယ်ခြားဒေသဖြစ်သည့် ဝါဇီရစ္စတန်အရပ်တွင် လွန်ခဲ့သည့် ၂၄နာရီတိုက်ပွဲ၌ စစ်သွေးကြွကိုးဦးသေဆုံးကြောင်း ဇွန် ၂၇ရက်က ရုပ်မြင်သံကြားသတင်းမှ ထုတ်လွှင့်သည်။

ခိုအောင်းရာအရပ်

တာလီဘန်လက်နက်ကိုင်များ ခိုအောင်းရာဒေသများဖြစ်သည့် မာကင်းနှင့်လက်ဒ်ဟာဒေသများတွင် ယင်းနေ့၌ပင် ပါကစ္စတန်တပ်ဖွဲ့က လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်ပြီး တိုက်ခိုက်ချေမှုန်းရာ လက်နက်ကိုင်များ သေဆုံးခဲ့ပြီး ၎င်းတို့ခိုအောင်းရာအရပ် ပျက်စီးခဲ့သည်။

ရွှေ့ပြောင်း

၎င်းဒေသအနီး၌ ဖရွန်တီနာပြည်နယ်နှင့် ဝန်းကျင်ဒေသရှိ ဒေသခံလူအများအပြား ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယင်းသတင်း၌ပါရှိသည်။ **(အင်တာနက်)**

အာဂျင်တီးနားနိုင်ငံ ဗျူနို့အေရိစ်မြို့ရှိ A(H1N1) တုပ်ကွေးရောဂါ ကာကွယ်မှုအဖြစ် ဂါရာဟန်ပြည်သူ့ဆေးရုံ၌ လူအများမျက်နှာဖုံးများတပ်ဆင် အသုံးပြုလျက်ရှိသည်ကို ဇွန် ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ထိုင်း၌ A(H1N1) တုပ်ကွေးဖြင့် တစ်ဦးသေဆုံး

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၂၇ရက်က အသက် ၄၇နှစ်အရွယ် အမျိုးသမီးတစ်ဦး A(H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသွားရာ ထိုင်းနိုင်ငံ၌ ယင်းရောဂါဖြင့် ပထမဆုံးသေဆုံးသူဖြစ်ကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုနိုင်ငံ အယ်လ်တိုမြို့၌ သေနတ်သမားများသေဆုံး

မက္ကဆီကိုနိုင်ငံ အယ်လ်တိုမြို့လယ်တွင် ဇွန် ၂၇ရက်က သေနတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ သေနတ်သမား ၁၂ဦးသေဆုံးခဲ့ကြောင်း မက္ကဆီကို ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီရူးနိုင်ငံ လီမာမြို့၌ ရေလွှမ်းမှုဖြစ်ပွား

ပီရူးနိုင်ငံ လီမာမြို့တွင် ဇွန် ၂၇ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရေလွှမ်းမှုများဖြစ်ပွားပြီး နေအိမ်များ ရေနစ်မြုပ်ခဲ့ကြောင်း၊ မော်တော်ယာဉ်သွားလာမှု ပြတ်တောက်ခဲ့ကြောင်း ပီရူးနိုင်ငံ မိုးလေဝသဌာနမှ အရာရှိများက ပြောကြားသည်။ ***(အပေါ်ပုံ)***

ပြင်သစ်ခရီးသည်တင်လေယာဉ်အား ရှာဖွေမှုရပ်ဆိုင်း

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဇွန် ၁ရက်က ပျက်ကျခဲ့သော ပြင်သစ်ခရီးသည်တင်လေယာဉ်မှ သေဆုံးသူများနှင့် အပျက်အစီးများအား ရှာဖွေမှုကို ဇွန် ၂၇ရက်မှစတင်ကာ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ သေတ္တာနက်ကိုမူ ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံမှ သတင်းထုတ်ပြန်သည်။



အမေရိကန်၌ ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့ရ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မှ ခရီးသည် ၁၂၅ ဦးကို တင်ဆောင်ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဇွန် ၂၇ရက်က လေယာဉ်မှ မီးခိုးများထွက်ရှိလာသဖြင့် ဖီလာဒဲလ်ဖီးယားမြို့လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အမေရိကန်လေကြောင်းအရာရှိများက ပြောကြားသည်။ *(အပေါ်ပုံ)*

ကမ္ဘာ့ရွှေဈေးနှုန်း အနည်းငယ်မြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ အနည်းငယ်တက်လျက်ရှိရာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဈေးကွက်၌ ဇွန် ၂၇ရက် ဈေးကွက်ပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၄၀ဖြစ်ခဲ့ကြောင်း အမေရိကန်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်း အနည်းငယ်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိရာ ဇွန် ၂၇ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈ဒေါ်လာဖြစ်ခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။

အမေရိကန်နိုင်ငံ အာကင်ဆက်စ်ပြည်နယ်၌ လေယာဉ်ပျက်ကျ

အမေရိကန်နိုင်ငံ အာကင်ဆက်စ်ပြည်နယ်မြောက်ပိုင်း ဂုတ်စတွန်မြို့အနီးတွင် ဇွန် ၂၇ရက်က လေယာဉ်ငယ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးသေဆုံးခဲ့သည်။

နယူးဇီလန် အော့ကလန်လေဆိပ်၌ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

နယူးဇီလန်နိုင်ငံ အော့ကလန်လေဆိပ်၌ ဇွန် ၂၇ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရာသီဥတုဆိုးရွားခဲ့သဖြင့် လေယာဉ်ခရီးစဉ် ၁၄ခုကို ဖျက်သိမ်းခဲ့ရကြောင်း နယူးဇီလန်နိုင်ငံ လေကြောင်းအရာရှိများက ပြောကြားသည်။

တရုတ်တောင်ပိုင်း၌ နန်ကာမုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ဇွန် ၂၇ရက် နံနက်က နန်ကာမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် နေအိမ်ပျက်စီးမှုနှင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း တရုတ်နိုင်ငံမှ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံက နေစွမ်းအင်သုံးလေယာဉ်များ ပျံသန်းမည်

နေစွမ်းအင်သုံး ခရီးသည်တင်လေယာဉ်များကို လာမည့်ခြောက်နှစ်အတွင်း အပြီးတည်ဆောက်ကာ ကမ္ဘာတစ်ဝန်းသို့ ပျံသန်းမည်ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံမှ လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများက ဇွန် ၂၇ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

နယူးဇီလန်အလယ်ပိုင်း၌ လျှင်ရှစ်ကြိမ်လှုပ်ခဲ့

နယူးဇီလန်နိုင်ငံ အလယ်ပိုင်းဒေသတွင် ဇွန် ၂၇ရက်က အင်အားအသင့်အတင့်ရှိသော လျှင်ရှစ်ကြိမ်ဆက်တိုက်လှုပ်သွားခဲ့ကြောင်း၊ ဒေသခံပြည်သူများ နေအိမ်များမှ ထွက်ပြေးခဲ့ကြကြောင်း နယူးဇီလန်အရာရှိများက ပြောကြားသည်။

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း တာကူရွန်မြို့၌ ဇွန် ၂၇ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။ *(အပေါ်ပုံ)*

အရွယ်သုံးပါး၊ မိန်းမသား၊ အလှဝေဖြာ၊ မေမြန်မာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၉ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် ''အရွယ်သုံးပါး၊ မိန်းမသား၊ အလှဝေဖြာ၊ မေမြန်မာ'' ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

ယင်းပြပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသားကျောင်းသူများ၊ အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ပြပွဲတွင် မြန်မာအမျိုးသမီးများ၏ အသက်အရွယ်အလိုက် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့စရိုက်တို့နှင့်အညီ ပြသမှု ယဉ်၊ ဆင်သမျှလှ နှိုင်းမရအောင် အသရေဆောင်လျက် ခေတ်နှင့်အညီ ရိုးရိုးနှင့် ယဉ်ယဉ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို တစ်ခေတ်တစ်ခါက နာမည်ကျော်ကြား လူကြိုက်များခဲ့သော အကယ်ဒမီ မင်းသမီးကြီးများ၊ ယနေ့ခေတ် တက်သစ်စ မင်းသမီးလေးများနှင့် မော်ဒယ် သရုပ်ဆောင်များက သရုပ်ဖော်တင်ဆက်ခဲ့ကြပြီး တေးသံရှင်များကလည်း တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုပန်းခြင်း

ပြပွဲအပြီးတွင် ပြပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဗဟို အလုပ်အမှုဆောင်များထံ ဂုဏ်ပြုပန်းခြင်းကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင် အေ၊ ဂမ်ဘာရီ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၂၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဘရာဟင် အေ၊ ဂမ်ဘာရီသည် ဇွန်၂၆ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိပြီး နေပြည်တော်သို့ လာရောက်ခဲ့သည်။

ညှိနှိုင်းဆွေးနွေး

မစ္စတာဂမ်ဘာရီသည် ဇွန်၂၆ရက်နှင့် ယနေ့တို့တွင် နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံကာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်မည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးညွန့်ဆွေတို့ တက်ရောက်ကြပြီး မစ္စတာဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂနိုင်ငံရေးရာဌာနမှ နိုင်ငံရေးရာအရာရှိ မစ္စတာ အာဝင်ပူချူးအာစ်လည်း တက်ရောက်သည်။

ပြန်လည်ထွက်ခွာ

မစ္စတာဂမ်ဘာရီသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားပြီး ညပိုင်းတွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၇

၂၀၀၉ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ငွေလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် အလှူရှင် ၂၁ ဦးတို့က လှူဒါန်းငွေ စုစုပေါင်းငွေကျပ် ၃၃၈ သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ခင်မိမိ **(အောက်ပုံ)**၊ ဒေါ်မြသီဂီနှင့် ဒေါက်တာ ဒေါ်မြင့်ကြည်တို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

အထူးသဖြင့် ကွန်ပျူတာ၊ အင်တာနက်အပြင် ဂိမ်းကစားသူများသည် တစ်နေ့လျှင် နှစ်နာရီထက် ပိုမိုပါက ဦးနှောက်အတွင်း ဆဲလ်များ ထိခိုက်ပျက်စီးနိုင်သည်ဟု ၎င်းတို့က ထောက်ပြထားသည်။

အကြံပြု

အလုပ်ကို အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ချုပ်တည်းမှုများပြားပြီး အချိန်ကာလကြာရှည်လာသည်နှင့်အမျှ စိတ်ကျရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါများ ခံစားရနိုင်သည်ဖြစ်ရာ အလုပ်တာဝန်ကို တစ်ဆက်တည်း အချိန်ကြာမြင့်စွာ မလုပ်ဘဲ နာရီဝက်တစ်ကြိမ် ရပ်နားပြီး လုပ်ဆောင်ရန် ကနေဒါဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

❐ *ကျောဖုံးမှ*

တီထွင်ပြုလုပ်ထားသည်။ စကားပြောဆိုသည့်အခါ ဦးခေါင်း၊ ပါးစပ်နှင့် ခြေလက်များက သဘာဝကျစွာ ဟန်ချက်ညီညီ လှုပ်ရှားနိုင်သဖြင့် လူသားတစ်ဦးကို ဆက်ဆံပြောဆိုရသလို ဖြစ်စေပြီး ဂျပန်စက်ရုပ်ပညာရှင်များက တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။

အကျိုးရလဒ်

''ကိုဘင်'' စက်ရုပ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ရုံးလုပ်ငန်း၊ စက်ရုံအလုပ်ရုံများနှင့် အိမ်တွင်းအိမ်မှုကိစ္စများကို ရုံးဝန်ထမ်းတစ်ဦး၊ စက်ရုံအလုပ်ရုံလုပ်သားတစ်ဦးနှင့် အိမ်တွင်းမိသားစုဝင်တစ်ဦးကဲ့သို့ လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး အခက်အခဲများကို ဖြေရှင်းသိရှိနိုင်မည်ဖြစ်သည်။

စိတ်ခံစားမှု

''ကိုဘင်'' စက်ရုပ်သည် ဝမ်းနည်းကြေကွဲမှုအတွက် ငိုကြွေးတတ်သလို ဝမ်းမြောက်ဝမ်းသာစရာ ဖြစ်ရပ်များနှင့်ကြုံတွေ့ပါက လက်နှစ်ဖက်မြှောက်ကာ ခံစားနိုင်သော လှုပ်ရှားမှုလည်း ပြုလုပ်နိုင်အောင် နည်းပညာများ ထည့်သွင်းထားသည်။

ဂုဏ်ပြုချီးမြှင့်

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သည့် အရွယ်သုံးပါး၊ မိန်းမသား၊ အလှဝေဖြာ၊ မေမြန်မာ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀သိန်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် ဇွန် ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပေါင်မြို့တွင် ၄ ဒသမ၁၃လက်မ၊ သထုံမြို့တွင် ၃ဒသမ၇၈လက်မ၊ ဘားအံမြို့တွင် ၃ဒသမ ၁၉လက်မ၊ ကလေးမြို့တွင် ၂ဒသမ ၇၆လက်မ၊ ကျိုက္ခမီမြို့တွင် ၂ဒသမ ၄၀လက်မ၊ မော်လမြိုင်မြို့တွင် ၂ဒသမ၂၄လက်မ၊ ဇန်းမော်မြို့၊ ခန္တီးမြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ဒသမ ၁၆လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနေသည်။

ဇွန်လ ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆားလင်းကြီး၌ လမ်းခင်းရန် ဂျင်းမြေစုဆောင်း

ဆားလင်းကြီး ဇွန် ၂၇

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ဆားလင်းကြီး-ပေါင်းဝ လမ်းခင်းရန် ဂျင်းမြေစုဆောင်းထားရှိမှုကို ဇွန် ၁၅ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သစ်တောနှင့်

သစ်ပင်

ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကို

နှစ်စဉ်စိုက်

ရွှေတိုက်ကိုစိုး

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ

ရန်ကုန် ဇွန် ၂၇

မာန်အောင်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၅ ရက် (ဝါဆိုလဆန်း ၁၄ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၁နာရီအထိ တာမွေ ကျောက်မြောင်း မြို့သစ်(၁)လမ်း အမှတ် ၄၁ သုံးလွှာ အသင်းတိုက်၌ ပြုလုပ်မည်ဖြစ်၍ မြို့နယ်သူမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးစိုးတင် (ဥက္ကဋ္ဌ) ဖုန်း-၅၄၅၂၉၃၊ ဦးထွန်းရွှေ (အတွင်းရေးမှူး) ဖုန်း-၅၄၀၃၄၆၊ ဒေါ်မိမိအောင် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၅၅၇၅၇နှင့် ဦးထွေးဖြူ (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၀၂၆၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မာန်အောင်အသင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၈-၆-၂၀၀၉ ရက်နေ့

၂၀၀၉ခုနှစ် ဇူလိုင်လအတွက်

၁၂-၇-၂၀၀၉ရက်နေ့ နှင့် ၂၆-၇-၂၀၀၉ရက်နေ့

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၄နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

ရန်ကုန် ဇွန် ၂၇

၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘိုကလေးမြို့နယ်မှ ထူးချွန်စွာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ရက်က ဘိုကလေးမြို့ပညာရေးကောလိပ်၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဗိုလ်ကလေး တင့်အောင်တို့က အမှာစကား ပြောကြားကြပြီး ဝန်ကြီးက ခြောက်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား ရွှေတံဆိပ်ဆုနှင့် ဂုဏ်ပြုဆု **(အောက်ပုံ)**တို့ကိုလည်းကောင်း၊ တာဝန်ရှိသူများက ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုများကိုလည်းကောင်း ချီးမြှင့်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးက အောင်ချက်အကောင်းဆုံးဆုရကျောင်းနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်များအား မွေးထုတ်ပေးသောကျောင်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး အလှူရှင်များက မြို့နယ်ပညာရေးရန်ပုံငွေနှင့် ကျောင်းများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ပေးအပ်

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောက်လုပ်ထားသည့် ကျောင်းဆောင်သစ် ၂၀နှင့် အလှူရှင်များ ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းဆောင်သစ် ၃၅လုံးတို့နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး (စစ်ဆေးရေး)ဦးမိုးဆွေထံ ပေးအပ်ကြသည်။

ယခုနှစ်တွင် ဘိုကလေးမြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၄၆ဦးထွက်ရှိခဲ့သည်။

ထို့နောက် ဝန်ကြီးသည် လူ(၅၀၀)ဆံ့ ဘိုကလေးမြို့ မြို့တော်ခန်းမတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ဘိုကလေး မြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ ဆေးပေးခန်းကို ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးနည်း အိမ်ရာများနှင့် လေဒဏ်မိုးဒဏ်ခံ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်စီစဉ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်ဆန်းကျေးရွာသို့ရောက်ရှိပြီး (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် တန်ဖိုးနည်းအိမ်ရာများ၌ ပြည်သူများအား နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်

ဂုဏ်ပြုစာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၇

၂၀၀၉ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမဆောင်၌ ကျင်းပသည်။

ထို့နောက် စာတမ်းဖတ်ပွဲကိုကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာရှင် အတတ်ပညာရှင်များအဖွဲ့ဝင်ဒေါ်ခင်အုန်းသန့်က ဆောင်ရွက်ပြီး စာတမ်းရှင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒပညာဌာန၊ ဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့ဝင် ပါမောက္ခ (ငြိမ်း)ဒေါ်ကြည်ကြည်လှက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုနှင့် မြန်မာအတွေးအမြင် စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်ကြည်က နိုင်ငံတကာ အမျိုးသမီး အမျိုးသားတန်းတူဆက်ဆံရေးဆိုင်ရာ ကြိုးပမ်းမှုများစာတမ်းကို လည်းကောင်း၊ စာတမ်းရှင် ရန်ကုန်သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာဒေါ်ခင်မေအုန်းက အမျိုးသမီးနှင့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်သွင်း

မွန်းလွဲပိုင်းတွင်စာတမ်းဖတ်ပွဲကိုဆက်လက်ကျင်းပရာ သဘာပတိအဖြစ်ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(ငြိမ်း) ဒေါ်ထူးထူးအောင်က ဆောင်ရွက်ပြီး စာတမ်းရှင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ကော်မတီအတွင်းရေးမှူး ဒေါက်တာပင်ဒိုရာအောင်ကြီးက မြန်မာအမျိုးသမီးလေးများ ကျန်းမာကြံ့ခိုင်ရေး အားကစားကဏ္ဍမြှင့်တင်ပေး စာတမ်းကိုလည်းကောင်း၊စာတမ်းရှင်ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်တင်တင်ရှုက ကျောင်းပြင်ပ ပညာရေးနှင့်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခန်းကဏ္ဍ စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မြန်မာစာဌာနမှ လက်ထောက်ကထိက ဒေါက်တာခိုင်ခိုင်သင်းက မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းခဲ့ကြသော ရှေးခေတ် မြန်မာ အမျိုးသမီးစာဆိုများ စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်သွင်းကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားပြီး စာတမ်းဖတ်ပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒိုက်ဦးမြို့နယ်စည်ပင် ရေနုတ်မြောင်းတူးဖော်

ဒိုက်ဦး ဇွန် ၂၇

ဒိုက်ဦးမြို့နယ် အမှတ်(၂)ရပ်ကွက် သာသနာ့ဗိမာန်ထောင့်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း တူးဖော်ရှင်းလင်းခြင်းကို ဇွန် ၆ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းက ကြီးကြပ် ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ယာဉ်မတော်တဆဖြစ်မှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဇွန် ၂၇

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဒေါ်နီနီရွှေ ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ဇွန်၂၄ရက်က အင်းစိန်မြို့နယ်(ဘူတာလမ်းဆုံအနီး)ဗဟိုလမ်းမကြီးပေါ်၌ မောင်းနှင်သွားလာလျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်းများအား ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်ကြံ့ခိုင်မှုရှိ မရှိ၊ သတ်မှတ်ယာဉ်မောင်း လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်းရှိ မရှိတို့အား ရှောင်တခင်စစ်ဆေး၍ ပညာပေး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ကညန)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်ကြည်က နိုင်ငံတကာ အမျိုးသမီး အမျိုးသားတန်းတူ ဆက်ဆံရေးဆိုင်ရာ ကြိုးပမ်းမှုများ စာတမ်းကို ဖတ်ကြားစဉ်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၇

မော်လမြိုင်ကျွန်းမြို့နယ်အသင်း (ရန်ကုန်)၏ ၇၅နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများအား သက်ကြီးပူဇော်ပွဲ၊ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၈ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၅ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁နာရီအထိ ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၆)ရပ်ကွက် ပုလဲရတနာလမ်း နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၌ကျင်းပမည်ဖြစ်ရာ ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ ခိုင်လုံသော အထောက်အထားများဖြင့် အမှတ် ၂၃၃/၂၃၅ ရွှေဘုံသာလမ်း(အလယ်) မြန်မာမျက်မှန်ဆိုင် ဦးစိုးပိုင် (အသင်းအတွင်းရေးမှူး) ဖုန်း- ၂၄၀၉၅၄ထံ ဇွန် ၃၀ရက်နောက်ဆုံးထားပြီး ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင့်အောင် ဖုန်း-၂၂၀၈၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးသောင်းညွှန့် ဖုန်း- ၂၄၁၁၅၇၊ ဒုတိယ ဥက္ကဋ္ဌဦးစိုးမြင့် ဖုန်း- ၂၂၇၀၄၉၊ အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း- ၂၄၀၉၅၄နှင့် အသင်းရုံးတာဝန်ခံ ဦးမြင့်မောင် ဖုန်း- ၂၁၁၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ အသင်းဝင်များအား ဇူလိုင် ၅ရက်တွင် ပို့ဆောင်ပေးရန် ၂၃၃/၂၃၅ ရွှေဘုံသာလမ်း(အလယ်)မြန်မာမျက်မှန်ဆိုင်ရှေ့တွင် မော်တော်ယာဉ်များစီစဉ်ထားကြောင်း သိရသည်။ **(မြို့နယ်အသင်း)**

ဘီးလင်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၂၇

ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)၏ (၂၆)ကြိမ်မြောက် စုပေါင်းအလှူတော်နှင့် (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ပညာရည်ချွန်ဆုအတွက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သားသမီးများ၏ အမည်စာရင်းကို အမှတ်စာရင်း မိတ္တူနှင့်အတူ ဇူလိုင် ၉ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း- ၅၇၇၇၀၇၆၊ ဦးအောင်မြင့်လွင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၅၇၂၁၉၄၊ ဦးသန့်ကြီး အတွင်းရေးမှူး ဖုန်း-၅၃၉၇၅၈၊ ဦးအောင်မြင့်(တွဲမှူး-၁)ဖုန်း-၅၄၁၆၃၈၊ ဦးကျော်အေး(တွဲမှူး-၂) ဖုန်း-၂၄၈၀၀၁ တို့ထံပေးပို့ရန်နှင့် လှူဖွယ်ပစ္စည်းတို့ကို အသင်းတည်ရာ ဘီးလင်းတိုက်သစ်ကျောင်းသို့ပေးပို့ပြီး အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (၁၀၃)

ကန့်ဘလူမြို့နယ်ရှိ လင်ပန်းရေလှောင်တမံ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇွန်၂၁ရက်တွင် ကန့်ဘလူမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ လင်ပန်းရေလှောင်တမံ စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းတာဝန်ခံအင်ဂျင်နီယာက ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ယင်းနောက် တိုင်းမှူးသည် ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပံ့ပိုးဖြည့်ဆည်း

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကိုမှာကြားပြီး တင်ပြချက်များအပေါ် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (**အပေါ်ဝဲပုံ**)

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးသည် လယ်လှကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ကျေးရွာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကန့်ဘလူမြို့နယ်ခုတင်(၁၀၀)ဆံ့ဆေးရုံ တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ဆေးရုံဆောက်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် တိုင်းမှူးသည် စံပယ်နံ့သာ- ကန့်ဘလူ- ကျွန်းလှ လမ်းရှိ နတ်အင်းချောင်း တံတားသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆောက်လုပ်ရေးတာဝန်ခံက ဆောင်ရွက်ပြီးစီးမှုကို တင်ပြ၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကာဘိုးဆည် လက်တံ(၁)မြောင်းတစ်လျှောက် မုံလှကျေးရွာအထိ လက်တံမြောင်းဘေး ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုးလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၁ ခုနှစ် ဝါဆိုလဆန်း ၇ ရက် (အဖိတ်နေ့)
၂၈-၆-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ **ကျော်သွားမှာလား… ဖော်စားမှာလား**
၈:၃၀ ၇။ သီးနှံစိုက်စွမ်းအားမြင့်မားစေမှု ထောက်ကူပြုမည့် မဒန်းရေလှောင်တမံ
၈:၄၀ ၈။ International News
၈:၅၀ ၉။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၆)
၁၂:၂၀ ၅။ Golf Magazine (TV)
၁၂:၄၀ ၆။ မြန်မာရုပ်ရှင် **မီးရထားစီး ခရီးသွားကြသူများ** နေအောင်၊ မေသဥ္ဇာဦး၊ ဇင်ဇင် ဇော်မြင့်၊ သဇင်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၄:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၁၅ ၈။ ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
၁၄:၃၅ ၉။ International News

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL-Cup 2009 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥဿာယူနိုက်တက် F.C နှင့် ရတနာပုံ F.C)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၃၀ ၄။ မိုးလေဝသအခြေအနေ
၆:၃၅ ၅။ ကာတွန်းအစီအစဉ် **Pocket Dragon Adventure**
၆:၅၅ ၆။ တစ်မျက်နှာ တစ်ကွက်စာ **အင်တာနက်** ကင်းကောင်၊ လုလု၊ မီးမီးသုခ (ဒါရိုက်တာ -ကျော်နှင်းဆီ)
၇:၁၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပေါ်ပြူလာအချစ်** (အပိုင်း-၆)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၂၃)

ဇွန်၂၆ရက်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၉ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို နေပြည်တော် ဇေယျာသီရိ ရပ်ကွက်ရှိ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်းက ကုံကော်ပင်ကို စိုက်ပျိုး ပေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးရောဂါပညာပေးဟောပြောပွဲ ပြင်ဦးလွင်မြို့၌ ကျင်းပ

ပြင်ဦးလွင် ဇွန် ၂၇

ကမ္ဘာ့လူတုပ်ကွေးရောဂါ NEW INFLUENZA A(H1N1) အကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇွန် ၁၅ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင် တက်ရောက် အမှာစကားပြောကြားသည်။

ပြန်လည်ရှင်းလင်း

အခမ်းအနားတွင် ပြင်ဦးလွင်မြို့ ခုတင် (၃၀၀)ဆံ့ အထူးကုဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုက ရောဂါကာကွယ်တားဆီးရေးအကြောင်း ရှင်းလင်းပြီး သမားတော်ကြီးဒေါက်တာအောင်ဆန်းဦးက ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်ဆွေ က ဝက်တုပ်ကွေးရောဂါအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြော ကြသည်။ ထို့နောက် တက်ရောက်လာသူတို့၏ မေးမြန်းမှုများကို သက်ဆိုင်ရာ အလိုက် ပြန်လည်ရှင်းလင်းသည်။

တက်ရောက်

အခမ်းအနားသို့ ပြင်ဦးလွင် တပ်မတော်ဆေးရုံ ခုတင်(၇၀၀) တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်သိန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်သီထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ခန့် တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ရွှေပြည်သာ၌ကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ ဇွန်၂၆ရက် နံနက် ၈နာရီက သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များနှင့် ဒေသခံပြည်သူများက သစ်ပင်များ တပျော်တပါးစိုက်ပျိုး ကြသည်။

ယင်းသစ်ပင် စိုက်ပျိုးပွဲတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ အပါ အဝင် အပင်၄၀၀ကျော်ကို စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ပြည်သူလူထုအားလုံးက တစ်ဦးချင်းအနေဖြင့် ရောဂါဖြစ်ပွားမှုမှကာကွယ်ရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါမည်-

❁ အောက်ဖော်ပြပါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တစ်ဦးချင်းအနေဖြင့် လိုက်နာဆောင်ရွက်ရပါမည်-
- အဆောက်အအုံများ လေဝင်လေထွက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင် သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊
- လူအသုံးအဆောင်ပစ္စည်းများ လှေကား၊ ဓာတ်လှေကား၊ နံရံများနှင့် ရုံးတွင်းပရိဘောဂများကို တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ် ပိုးသန့်စင်ခြင်း၊
- စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့်ဂေဟာများတွင် နေထိုင်ဆောင်ရွက်သူများအားလုံး၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း၊
- တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ခြင်း။

❁ အထက်ဖော်ပြပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယခုကပင် ပြည်သူလူထုတစ်ရပ်လုံးက လိုက်နာဆောင်ရွက်ရပါမည်။ ကျန်းမာရေးဝန်ကြီးဌာနက ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်များမှတစ်ဆင့် အခါအားလျော်စွာ ထုတ်ပြန်ထားသော နှိုးဆော်ချက်များ အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရပါမည်။

❁ ကာကွယ်ဆေးကို ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ကာကွယ်ဆေးရသည်အထိ အနည်းဆုံး (၃-၄)လ ကြာနိုင်ပြီး စက်မှုဖွံ့ဖြိုးပြီးသော နိုင်ငံကြီးများတွင်သာ အများဆုံးထုတ်လုပ်နိုင်ပါသည်။ ထုတ်လုပ်မှုစွမ်းအားသည် ကမ္ဘာ့လူဦးရေအားလုံးအတွက် မလုံလောက်နိုင်ပါ။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကာကွယ်ဆေးရရှိရန် အခက်အခဲရှိပါမည်။ ထို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

တစ်ဦးချင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ကိုယ်ခံစွမ်းအားမြှင့်တင်ခြင်း၊ လက်မကြာခဏဆေးခြင်း၊ ပါးစပ်နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာသို့ ရှောင်ရှားခြင်း၊ ရောဂါရှိသူနှင့် အနီးကပ်ထိတွေ့သူများကို သီးခြားစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါဖြစ်ပွားသူများကိုသီးခြားခွဲခြားကုသခြင်း စသောနည်းလမ်းများကို ဆောင်ရွက်ခြင်းအားဖြင့် ရောဂါဖြစ်ပွားမှုကို နှေးကွေးစေခြင်း၊ ထိန်းချုပ်နိုင်ခြင်းများကို ယခင် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါများနှင့် ဆားစ်(SARS) ရောဂါများ ကာကွယ်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်သော သက်သေသာဓကများ ရှိခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အထက်ပါနည်းလမ်းများကို အဓိကထား ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တို့ ကြီးမှူးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲကို မေ၂၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ကျင်းပရာ ပြည်နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာခင်ဇော် ဟောပြောစဉ်။ (၀၁၄)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၂၇

ရေကြည်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်အစည်းအဝေး၊သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လမ်းမတော်မြို့နယ် သရက်တောတိုက် စိတ္တသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ၊ အသင်းဝင် သက်ကြီးစာရင်းများ၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ စာရင်းတို့ကို ဖုန်း-၅၅၉၅၃၆၊ ၂၁၁၀၁၀နှင့် ၀၉-၅၁-၈၀၁၉၃တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

ရူပဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် ရူပဗေဒအဓိကဖြင့် ၁၉၆၅ခုနှစ်မှ ၁၉၆၉ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည် ဆုံတွေ့ပွဲကို ရန်ကုန်မြို့ပြည်လမ်း International Business Centre ၌ ဩဂုတ် ၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၆၀၉၀၈၊ ၅၇၂၅၇၃နှင့်၅၂၆၃၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာနယ်ဇင်းပညာသင်တန်း ၂/၂၀၀၉ ဖွင့်မည်

စာနယ်ဇင်းလောကဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်မည့် စာနယ်ဇင်းပညာသင်တန်း ၂/၂၀၀၉ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ရက် နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး (စာပေဗိမာန်)၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းကို ဇူလိုင် ၁ရက် နံနက် ၈နာရီခွဲတွင် အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အခြေခံစိုက်ပျိုးနည်းပညာ ရက်တိုသင်တန်းဖွင့်မည်

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာဥယျာဉ် (ပညာပေးဇုန်)တွင် အခြေခံစိုက်ပျိုးနည်းပညာပေး ရက်တိုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ရာ သစ်ခွစိုက်ပျိုးနည်းကို ဇူလိုင် ၇ရက်မှ ၉ရက်အထိ၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းကို ဇူလိုင် ၁၃ရက်မှ ၁၅ရက်အထိ၊ ပန်းမန်စိုက်ပျိုးနည်းကို ဇူလိုင်၂၀ရက်မှ၂၂ရက်အထိနှင့် မြေယာအလှပြုပြင် စိုက်ပျိုးနည်းကို ဇူလိုင် ၂၇ရက်မှ ၂၉ရက်အထိ ပို့ချပေးမည်ဖြစ်ပြီး အသေးစိတ်သိလိုက ဖုန်း-၅၄၉၇၃၀နှင့်၀၉-၉၉-၂၈၅၉ တို့သို့ ဆက်သွယ်နိုင်သည်။

ဘားအံအသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၄ရက် (စနေနေ့) နံနက် ၉နာရီတွင် မြရတနာကျောင်းတိုက် ရွှေကြက်ယက်ကျောင်းဝင်း ဗိုလ်ချုပ်ပြတိုက်လမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုပါက အသင်းအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ

၂၀၀၉ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co.,Ltd.တို့ ပူးပေါင်း၍ ဇူလိုင် ၁၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်သည်။

စက်ချုပ်သင်တန်းဖွင့်လှစ်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကကြီးမှူး၍စက်ချုပ်သင်တန်းအမှတ်စဉ်(၃/၂၀၀၉)ကို ဇူလိုင် ၁၃ရက်မှ စတင်၍ နှစ်လကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉တွင် ရယူ၍ ဇူလိုင်၁၀ရက် နောက်ဆုံးထားပြန်လည်ပေးပို့နိုင်သည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ရက်

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူး (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး)များထံတွင် အမှတ်စာရင်း၊ အရည်အချင်း မှတ်တမ်းချုပ်ရမှတ်အဆင့်၊ ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် လျှောက်ထားရမည့်ပုံစံများကို ဇူလိုင် ၁၈ရက်မှစ၍ ကိုယ်တိုင်ထုတ်ယူပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ဇူလိုင် ၂၀ရက်မှ ဩဂုတ် ၁၄ရက်အထိ (ပိတ်ရက်မရှိ) ဝင်ခွင့်လျှောက်ထားနိုင်ပြီး အသေးစိတ်သိလိုက ဖုန်း-၅၀၂၂၅၈ နှင့် ၅၂၅၆၁၂ တို့သို့ စုံစမ်းနိုင်သည်။

မြန်မာ့စားသောက်ကုန်ပြပွဲ ခင်းကျင်းပြသနေ

စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ပစ္စည်းများကို တစ်နေရာတည်း၌ စုံလင်စွာ ခင်းကျင်းပြသထားသော ပထမအကြိမ် မြန်မာ့စားသောက်ကုန်ကုန်စည်ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဇွန် ၂၆ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဇွန်၂၈ရက် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ -ဝင်းကျော်

● *ရွှေဖုံးမှ*

တိုးတက်ပြောင်းလဲ

မြန်မာ့အလင်းသတင်းအဖွဲ့သည် ကချင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားတင်ပြနိုင်ရန် သွားရောက်ခဲ့ရာ တိုးတက်ပြောင်းလဲလာသော မြစ်ကြီးနားမြို့ကို မျက်ဝါးထင်ထင်တွေ့ရသည်။ မန္တလေးမြို့မှ ဆန်တက်လာသော မီးရထားနှင့်အတူ လိုက်ပါခဲ့ရာ မြစ်ကြီးနားဘူတာသို့ ရောက်သည်ဆိုလျှင်ပင် မြစ်ကြီးနားမြို့၏ သန့်ရှင်းသပ်ရပ်သော လမ်းမကြီးများ၊ နေအိမ်တိုက်တာ အဆောက်အအုံသစ်များ၊ ပျားပန်းခပ်မျှ သွားလာနေသည့် ယာဉ်ကြီး ယာဉ်ငယ် အသွယ်သွယ်နှင့် မော်တော်ဆိုင်ကယ်၊ စက်ဘီးအဆုံး တွေ့ရသည်။ ဤသည်ကား တိုးတက်ပြောင်းလဲလာသောမြင်ကွင်းအစပေတည်း။

"မြစ်ကြီးနားမြို့ကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်"

ဦးတင်မောင်ဦး
မြို့နယ်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး

တွေ့ဆုံမေးမြန်း

ဖွံ့ဖြိုးတိုးတက်လာသော မြစ်ကြီးနားမြို့၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဦးအားသိလိုသည်များတွေ့ဆုံမေးမြန်းခဲ့သည်။

"ကျွန်တော်တို့ မြစ်ကြီးနားမြို့နယ်ဟာ မြောက်ဘက်မှာ ဆွမ်ပရာဘွမ်၊ အရှေ့ဘက်မှာ အင်ဂျန်းယန်၊ ဝိုင်းမော်၊ တောင်ဘက်မှာ မိုးမောက်နဲ့ ဗန်းမော်၊ ရွှေကူ၊ အနောက်ဘက်မှာ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ ဖားကန့်နဲ့ တနိုင်းမြို့နယ်တွေ နယ်နိမိတ်ချင်း ထိစပ်နေပါတယ်။ မြို့နယ်ရဲ့ အကျယ်အဝန်းကတော့ စတုရန်းမိုင်ပေါင်း ၂၅၁၀ဒသမ၄၅ ရှိပြီး အရှေ့နှင့်အနောက် ၁၈ဒသမ၆၁ မိုင်၊ တောင်နှင့်မြောက် ၁၂၄ဒသမ ၈မိုင်ရှိပါတယ်။ မြစ်ကြီးနားမြို့နယ်ကို မြို့ပေါ်ရပ်ကွက် ၂၅ရပ်ကွက်နှင့် ကျေးရွာပေါင်း ၆၀ဖြင့် ဖွဲ့စည်းထားပါတယ်"ဟု မြစ်ကြီးနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်ဦးက မြန်မာ့အလင်းသို့ ရှင်းပြသည်။ ဆက်လက်၍ မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးနှင့်စပ်လျဉ်းပြီး မြို့နယ်စည်ပင်မှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်က "ကျွန်တော်တို့ မြစ်ကြီးနားမြို့ကို သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းသာယာလှပစေရေးအတွက် မြို့ရဲ့ အဓိကလမ်းမကြီးများ၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီးတို့မှာရှိတဲ့ လမ်းလယ်ကျွန်းပေါင်း ၁၆၃ခုမှာ ပန်းအလှပင်များ စိုက်ပျိုးထားပြီး အမြဲတမ်းဝေဆာလှပနေစေဖို့ စည်ပင်သာယာ ဝန်ထမ်းများက ဆောင်ရွက်ပေးနေပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ကျန်းမာရေး

ကျန်းမာရေး ကဏ္ဍတွင်လည်း မြစ်ကြီးနားမြို့နယ်ရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် အဓိကအားထားရာ ခွဲစိတ်ကုသမှုနှင့်အဆင့်မြင့်ကုသမှုများပြုလုပ်နိုင်သည့်၊ ဆရာဝန်ကြီးများကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် ခုတင် ၁၀၀ဆံ့ ဆေးရုံကြီးရှိပြီး အခြေခံပညာရေးကဏ္ဍတွင် မြစ်ကြီးနားမြို့နယ်အတွင်း ၁၉၈၈ ခုနှစ်က အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း၁၀ကျောင်း၊မူလတန်းကျောင်း ၁၄၃ကျောင်းသာ ရှိခဲ့သည်။ ယခုအခါ အထက်တန်းကျောင်း ၁၀ကျောင်း၊ အလယ်တန်းကျောင်း ၁၃ကျောင်းအထိ ရှိလာပြီဖြစ်သည်။ အလယ်တန်းနှင့် အထက်တန်း ကျောင်းသုံးကျောင်းစီ ထပ်မံတိုးလာခြင်းဖြစ်သည်။ထို့အပြင် မြစ်ကြီးနား မြို့နယ်အတွင်း တစ်ချိန်က ကောလိပ်တစ်ခုတည်းသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်အဆင့်သို့တိုးမြှင့်ပေးနိုင်ခဲ့ပေပြီ။ ဒေသခံ ကျောင်းသားကျောင်းသူများ ကိုယ့်မြို့ ကိုယ့်ဒေသတွင် ဘွဲ့၊ ဒီဂရီများ ရယူနိုင်သည့် ပညာရေးအခွင့်အလမ်းပင် ဖြစ်သည်။

"မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေး လမ်းလယ်ကျွန်းများ ပြုလုပ်ထားပါတယ်"

ဦးမျိုးအေးလွင်
မြစ်ကြီးနားမြို့နယ်စည်ပင်၊
လက်ထောက်အင်ဂျင်နီယာ

တက္ကသိုလ်

အလားတူ မြစ်ကြီးနားမြို့၌ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပေပြီ။ ဒေသတွင်းရှိ ကျောင်းသားကျောင်းသူများ အင်ဂျင်နီယာအတတ်ပညာနှင့် အိုင်တီနည်းပညာများ အပြည့်အဝ သင်ယူနိုင်သည့် မဟာအခွင့်အလမ်းများပင် ဖြစ်သည်။

ဤသည်မှာ နိုင်ငံတော်က ဖြည့်ဆည်းပေးလျက်ရှိသည့်ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်မှုပင်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း တစ်ချိန်က နွေစပါး လုံးဝ စိုက်ပျိုးခြင်းမရှိသည့် ဒေသများ၌ မိုးစပါးအပြင် နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးလာနိုင်မှုကြောင့် မြစ်ကြီးနားမြို့နယ်အတွင်း ဆန်စပါးထွက်ရှိမှု တိုးလာသည်။ ထို့အပြင် ဆီထွက်သီးနှံအနေဖြင့် ဒေသနေပြည်သူများ ဆီဖူလုံစေရေးအတွက် အဓိက စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေး

တိုးတက်ခေတ်မီမှုတွင် ဆက်သွယ်ရေးကဏ္ဍကလည်းနောက်မကျခဲ့ပါ။ မြစ်ကြီးနားမြို့တွင် အော်တိုတယ်လီဖုန်းအိတ်ချိန်းရုံး၊ ဂျီအက်စ်အမ်တယ်လီဖုန်း စခန်းရုံးများကို ယခင်နှင့်မတူ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ တစ်နေရာမှ တစ်နေရာသို့ လွယ်လင့်တကူ ဆက်သွယ်နိုင်ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း မြစ်ကြီးနားမြို့၏ တိုးတက်ပြောင်းလဲလာသောမြင်ကွင်းများသည်ကား အံ့မခန်းဖြစ်ရတော့သည်။ ဤသည်မှာနိုင်ငံတော်အစိုးရက ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသောတိုင်းရင်းသားပြည်သူများအတွက် ဖြည့်ဆည်းပေးနေသည့် ဆောင်ရွက်ချက်များပင် ဖြစ်သည်။

သို့ဖြစ်ရာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့သည် တစ်ချိန်ကနှင့်မတူ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး အစစ အရာရာ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်ကြောင်း ကွင်းဆင်းစေ့ငု ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကျန်းမာရေး ကဏ္ဍတွင်လည်း မြစ်ကြီးနားမြို့နယ်ရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် အဓိကအားထားရာ ခွဲစိတ်ကုသမှုနှင့် အဆင့်မြင့်ကုသမှုများ ပြုလုပ်ပေးနိုင်သည့်၊ ဆရာဝန်ကြီးများကိုယ်တိုင် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် ခုတင်၁၀၀ဆံ့ ဆေးရုံကြီးရှိပြီး အခြေခံပညာရေး ကဏ္ဍတွင် မြစ်ကြီးနားမြို့နယ်အတွင်း ၁၉၈၈ခုနှစ်က အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ၁၀ကျောင်း၊ မူလတန်းကျောင်း ၁၄၃ကျောင်းသာ ရှိခဲ့သည်။ ယခုအခါ အထက်တန်းကျောင်း ၁၀ကျောင်း၊ အလယ်တန်းကျောင်း ၁၃ကျောင်းအထိ ရှိလာပြီဖြစ်သည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း သုံးကျောင်းစီ ထပ်မံတိုးလာခြင်း ဖြစ်သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားဘူတာ ရှေ့မြင်ကွင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ စေတနာသုံးတန်ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့် ထောက်ပင့်ကော်ရော် ပူဇော်ကြမည်သာဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားလွှာ-

[၁၃၇၁-ခုနှစ်၊ ဝါဆိုလဆန်း ၆ရက်၊ (၂၀၀၉-ခုနှစ်၊ ဇွန်လ ၂၇ရက်) စနေနေ့]

ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော် အရှင်သူမြတ်တို့ဘုရား-

ယနေ့ ကျင်းပပြုလုပ်သော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမ အစည်းအဝေးသို့ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုရှေးရှုတော်မူကြကာ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်မှုကို ငဲ့တော်မမူ သည်းခံတော်မူကြလျက် ကြွရောက်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများကို စုံစုံညီညီဖူးမြင်ရပါသဖြင့် ဝမ်းမြောက်ကြည်နူးအထူးပင် စိတ်နှလုံး ချမ်းမြေ့ရပါသည်ဘုရား။

ရောင်ရှိန်လင်းလက်

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် ဂိုဏ်းပေါင်းစုံပါဝင်သည့် တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီးကို ဦးဆောင်ဦးရွက်ပြုလျက် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့ဖြင့် တစ်ပြည်လုံးရှိ ငါးသိန်းကျော်သော သံဃာ့ကိစ္စ ရေးရာများကို ဖြေရှင်း ဆောင်ရွက်တော်မူကြလျက် ဗုဒ္ဓသာသနာတော်မြတ်ကြီးရောင်ရှိန်လင်းလက်တိုးတက်စေရန် ဆောင်ရွက်နေကြရပါသည်ဘုရား။

၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီးနောက် သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တာဝန်များ အသီးသီး ထမ်းဆောင်တော်မူကြရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်ဘုရား။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာတို့ကို သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ စသည်တို့နှင့် ညီညွတ်ဆုံးဖြတ်ကာ ဖြေရှင်းဆောင်ရွက်ကြရာ ဆရာတော်ကြီးများ၏ သာသနာတော်မြတ်ကြီးအပေါ်ထားရှိသော သဒ္ဓါအစ၊ ဝီရိယထက်စွာ၊ ပညာဉာဏ်ညီ၊ သတိယှဉ်ကပ်၊ စိတ်ဓာတ်ထက်သန်၊ စစ်မှန်သော ဆန္ဒမွန်တို့ဖြင့် စုံညီစည်းဝေး၊ ဆွေးနွေးနှီးနှော၊ သဘောညီမျှ၊ ဆုံးဖြတ်ချက်ချလျက် ဆောင်ရွက်တော်မူကြသည်ကို ဖူးမြင်ကိုယ်တွေ့ စေ့စေ့သိရှိရပါသဖြင့် သဒ္ဓါပိုမို ကြည်ညိုရပါသည်ဘုရား။

ဆွေးနွေး

ရဟန်းတော်များသည် အဖန်ဖန်အထပ်ထပ် စည်းဝေးတိုင်ပင် ညှိနှိုင်းကြပါလျှင် အချင်းချင်း တစ်ပါးနှင့်တစ်ပါး ယုံမှားသံသယ ကင်းတော်မူကြ၍ စိတ်တူကိုယ်မျှ ဆောင်ရွက်နိုင်ကြပါသဖြင့် သာသနာတော်မြတ်ကြီး စည်ပင်တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ကြောင်း အင်္ဂုတ္တရနိကာယ်လာ အပရိဟာနိယတရားနှင့်အညီ ဆရာတော်ကြီးများသည် အပတ်စဉ်အဖွဲ့ခွဲအစည်းအဝေးများကျင်းပ၍လည်းကောင်း၊ လေးလလျှင်တစ်ကြိမ် (၄၇)ပါးစုံညီအစည်းအဝေးများကျင်းပ၍လည်းကောင်း၊ တစ်နှစ်တာ ဆောင်ရွက်ချက်များကို နှစ်စဉ်ပုံမှန်ကျင်းပသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အစည်းအဝေးသို့ အစီရင်ခံတင်ပြ၍လည်းကောင်း ညှိနှိုင်းမပြတ် အထပ်ထပ်ဆွေးနွေး၊ အရေးအရာ အဖြေရှာ ဆောင်ရွက်တော်မူကြပါသည်ဘုရား။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကဲ့သို့ပင် ပြည်နယ်/တိုင်း၊ မြို့နယ်၊ ရပ်/ကျေး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့တွင်လည်း ယခုထက်ပိုမို၍ ချိန်ခါမပျက်၊ ဆက်ဆက်စည်းဝေး၊ ဆွေးနွေးကျင်းပ၊ ညှိနှိုင်းကြရေး၊ ကြပ်မတ်ပေးနိုင်ပါရန် တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့၏ နိုင်ငံတော်ကြီးတွင် ရဟန်းသာမဏေတို့၏ အရေအတွက်မှာ ငါးသိန်းကျော်ရှိနေ၍ သံဃာတော် အပေါင်းသည် သံဃာ့အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားလွှာများနှင့်အညီ လိုက်နာထိန်းသိမ်းကျင့်ဆောင်နေခြင်းသည်ပင်လျှင် သံဃာညီညွတ်ခြင်းအတွက် အဓိကအင်အားကြီးဖြစ်၍ သာသနာတော်မြတ်ကြီး ထွန်းလင်းစည်ပင်ရေးအတွက် အရေးကြီးသော အချက်တစ်ရပ်ဖြစ်ပါသည်ဘုရား။

ဦးစားပေးဆောင်ရွက်

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည်လည်း မိမိတို့၏ ဒေသနယ်ပယ်အတွင်းရှိ ကျောင်းတိုက်များမှ ရဟန်း၊ သာမဏေများအား ဝိနည်းသိက္ခာ စည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့၏ ရှုပ်ထွေးလှသော လောကီ လူမှုကိစ္စများ၌ ပါဝင်စွက်ဖက်ဆောင်ရွက်မှုမရှိစေရေး၊ သာသနာရေးရာကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရ၏ တရားနှင့်အညီ ပေးအပ်သော အာဏာစက် အကူအညီ အထောက်အပံ့ကို ရယူနိုင်ရေး၊ မိမိတို့၏ သာသနာ့တာဝန်ဖြစ်သော ဂန္ထဓုရ၊ ဝိပဿနာဓုရ လုပ်ငန်းကြီး နှစ်ရပ်ကို မိမိလည်း ကျင့်ဆောင်သည့်အပြင် ဒကာဒကာမများကိုလည်း ဟောကြားညွှန်ပြ အဆုံးအမပေးနိုင်ရေး စသည်တို့ကို သတိသမ္ပဇဉ်ဉာဏ်နှင့်ယှဉ်လျက် အစဉ်မပြတ်ကြီးကြပ် ညွှန်ပြတော်မူပါသည်ဘုရား။ ထို့ကြောင့်ပင်လျှင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့က တစ်ပြည်လုံးရှိ သံဃာတော်များ ဓမ္မဝိနယနှင့်အညီ စည်းကမ်းရှိရှိ ညီညွတ်ကြရေးအတွက် ဦးစားပေး ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက ယခုထက်ပိုမို၍ ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်ပေးတော်မူကြပါရန် ဘုရားတပည့်တော် ရိုသေလေးမြတ်စွာ တောင်းပန်လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများဘုရား-

မြတ်စွာဘုရားရှင်၏ ဓမ္မဝိနယ သာသနာတော်သည် အစဉ်သဖြင့် ဖြူစင်သန့်ရှင်းထွန်းလင်းတောက်ပနေသော်လည်း အချို့သောအလဇ္ဇီပုဂ္ဂိုလ်များ၊ သိက္ခာမတင်သိမ်မဝင်သော ရဟန်းအတုအယောင်များ၊ ဝိနည်းစည်းကမ်းကို လေးစားလိုက်နာခြင်းမရှိသော ရဟန်းသာမဏေများ၏ အကျင့်ပျက် လုပ်ရပ်များအချို့ကို ပြည်နယ်/တိုင်း အလိုက် နေ့စဉ်အစီရင်ခံစာများ၌ ကြိုးကြား ကြိုးကြားတွေ့ရှိနေရာ မပြောပလောက်သည့် မြူမှုန်မွှားလေးများပင် ဖြစ်သော်လည်း သာသနာတော်အတွက် အနှောင့်အယှက်ပင်ဖြစ်ပါသည်ဘုရား။

အဓမ္မဝါဒ

ထို့အပြင် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌ သဘာပတိ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ဘုရားကြီး၏ သာရဏီယသြဝါဒကထာတွင် မိန့်ကြားထားတော်မူသည့် အတိုင်း ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးအတွက် အလွန်အန္တရာယ်ကြီးမားသော အဓမ္မဝါဒများ တစ်စတစ်စ ခေါင်းထောင်ထနေကြောင်း မိန့်ကြားတော်မူခဲ့သည်ကို တွေ့ရှိရပါသည်ဘုရား။ အဓမ္မဝါဒီများသည် အဓမ္မဝါဒများကို ဟောပြောခြင်း၊ စည်းရုံးသိမ်းသွင်း၍ သင်ကြားပေးခြင်း၊ စာအုပ်စာစောင်များနှင့် အသံသွင်းတိပ်ခွေ၊ စီဒီများ ထုတ်ဝေဖြန့်ချိခြင်း စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထင်ထင်ရှားရှား ဆောင်ရွက်နေကြပါသည်ဘုရား။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဦးဆောင်သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယခင်က ပေါ်ပေါက်ခဲ့ဖူးသည့် အဓမ္မဝါဒများကို နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် အဖွဲ့များ ဖွဲ့စည်း၍ ဓမ္မနည်းလမ်းကျ သုတ်သင်ဖယ်ရှား တားမြစ်ခဲ့သည်များရှိခဲ့ပြီးဖြစ်ပါသည်ဘုရား။ ယခုအခါတွင်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အဓမ္မဝါဒများနှင့် စပ်လျဉ်း၍ စုံစမ်းစိစစ်စေခြင်း၊ တရားမဝင် စာစောင်၊ စာအုပ်စာတမ်းများ၊ အသံသွင်းခွေများကို တားမြစ်စေရန် အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သို့ ညွှန်ကြားပေးခြင်း၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် အဖွဲ့များ ဖွဲ့စည်း၍ စိစစ်ဆုံးဖြတ်စေခြင်း စသည့် အရေးယူဆောင်ရွက်မှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိနိုင်ပါသည်ဘုရား။ အကျင့်ပျက်ရဟန်းများနှင့် စပ်လျဉ်း၍လည်း သာသနာတော်ဂုဏ်ရှိန် ညစ်နွမ်းညှိုးမှိန်စေမည့် ကိစ္စများနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်များအား ရှင်းလင်းဖယ်ရှားနိုင်စေရန် သာသနာတော် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့များကို စနစ်တကျ ဆက်လက်ဖွဲ့စည်းလျက်ရှိပါသည်ဘုရား။ ဆရာဒကာ ညှိနှိုင်းလက်တွဲဆောင်ရွက်သည့် သာသနာတော်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့များကို ဒေသအလိုက် ဖွဲ့စည်းခဲ့ရာတွင် အချို့သော ပြည်နယ်/တိုင်းများ၌ ဖွဲ့စည်းရန် ကျန်ရှိနေသေးသဖြင့် ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဖွဲ့စည်း ဆောင်ရွက်သွားရမည် ဖြစ်ပါသည်ဘုရား။

ညှိနှိုင်းဖြေရှင်း

ဤသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က သာသနာတော်အတွက် ဓမ္မဝိနယနည်းအရ ဓမ္မစက်နှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ကြသည့်နည်းတူ ဆရာဒကာအဖြစ် အစဉ်အမြဲ အထောက်အပံ့ပြုလျက်ရှိသော နိုင်ငံတော်အစိုးရ အမှူးရှိသည့် အာဏာပိုင် အဖွဲ့အစည်းများကလည်း သာသနာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်ရာရာ၌ ကိုယ်စိတ်နှစ်ပါးအားစွမ်းထားလျက် ဆရာ့နည်းကျ သြဝါဒတော်များနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်ဘုရား။ နိုင်ငံတော်က ထုတ်ပြန်ကြေညာထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အာဏာစက် အကူအညီ အထောက်အပံ့များကို တရားနှင့်လျော်စွာပံ့ပိုးပေးလျက်ရှိပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဘုရားတပည့်တော်တို့ ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် နိစ္စဓူဝ နေ့ညမပြတ် တာဝန်တစ်ရပ်ဖြစ်သော ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟ နှစ်ဝပူဇာ လှူဒါန်းမှုအဖြာဖြာကိုလည်း အခါမလင့် တိုးမြှင့်ပူဇော်ကြမည်သာ ဖြစ်ပါသည်ဘုရား။ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ စေတနာသုံးတန် ပြဋ္ဌာန်းလျက် ဆပွားထပ်ဆင့် ထောက်ပင့်ကော်ရော် ပူဇော်ကြမည်သာ ဖြစ်ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်အရှင်မြတ်ကြီးများဘုရား။ ။

စာကြည့်တိုက်ပညာသင်တန်း မရမ်းကုန်း၌ဖွင့်

ရန်ကုန် ဇွန် ၂၇

မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာသင်တန်း(၁/၂၀၀၉)ဖွင့်ပွဲကို ဇွန် ၂၀ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး(**အပေါ်ပုံ**)ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစန်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်ငွေနှင့် ဆရာ ဆရာမများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြဦးစီးမှူးများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၄ ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်ရေမြောင်းတူးဖော်

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း တောင်တွင်းကြီးလမ်း စက်ရေတွင်းအမှတ်(၇)ရှေ့ အုတ်ရေမြောင်း တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၁၁ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငဖဲစည်ပင်သာယာ လမ်းပြုပြင်ရန် ကျောက်များဖြန့်ချ

ငဖဲ ဇွန် ၂၇

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပေါင်းကလေး-အောင်ပင်လယ် မြေသားလမ်း ပြုပြင်ခြင်းလုပ်ငန်းအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ သဲကျောက်များ ဖြန့်ချနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းမင်းသန့်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သံတွဲမြို့နယ်စည်ပင် ကျေးရွာချင်းဆက် လမ်းဖောက်လုပ်

သံတွဲ ဇွန် ၂၇

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် အဘဲ-ရွှေသာချိုင်-ဆတ်လည်မျှော် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်မှုကို မေ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဒီကိုတာ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

Dicota မှ KMD Co.,Ltd. အား Notebook အိတ်များနှင့် ဆက်စပ်ပစ္စည်းများအတွက် မြန်မာနိုင်ငံ၏တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်ခန့်အပ်ခြင်း အခမ်းအနားကို ဇွန် ၂၀ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ထုတ်လုပ်ပေး

အစီအစဉ်အရ ဦးသောင်းတင် (Chairman & CEO, KMD Computer Group)က အဖွင့်အမှာစကားပြောကြားပြီး Mr. James Yeo, (Regional Sales Manager, ASEAN)က Dicota Product များအကြောင်းကို ရှင်းလင်းပြောကြားသည်။ Dicota သည် ခေတ်မီပြီး ဒီဇိုင်းကျလှပသော Notebook အိတ်များနှင့် အခြားဆက်စပ်ပစ္စည်းများကို ၁၉၉၂ ခုနှစ်မှစတင်၍ ဒီဇိုင်းထွင် ထုတ်လုပ်ပေးလျက်ရှိသော ဂျာမနီကုမ္ပဏီတစ်ခုဖြစ်သည်။ Dicota Product များကို နိုင်ငံတကာတွင် အဖွဲ့အစည်းပေါင်း ၈၀ နှင့်ပူးပေါင်း၍ ဖြန့်ချိပေးလျက်ရှိပြီး အပြောင်းအလဲပေါ်မူတည်၍ ခေတ်မီဒီဇိုင်းဆန်းရုံသာမက ခိုင်ခံ့လှပသော Notebook အိတ်များကို ထုတ်လုပ်ပေးလျက်ရှိသည်။

Dicota Notebook အိတ်များ၏ ချုပ်ရိုးချုပ်သားများကို ခိုင်ခံ့သပ်ရပ်အောင် ပြုလုပ်ပေးထားပြီး ဇစ်များကိုလည်း အရည်အသွေးကောင်းမွန်သောပစ္စည်းများကို အသုံးပြုထားသည်သာမက Auto-Healing နည်းပညာကို ထည့်သွင်းအသုံးပြုထားသည်။

ဝယ်ယူရရှိနိုင်

Notebook ကို ထိခိုက်ခြင်းမှ ကာကွယ်စေနိုင်ရန်အတွက် High-Density Foam များကို အသုံးပြုထားသည်သာမက Permanent Air Cells နည်းပညာကလည်း အိတ်ပေါ်တွင် ဖိမိသည့်တိုင်အောင် Notebook ကို ထိခိုက်မှုမရှိအောင် ကာကွယ်ပေးထားသည်။ KMD Computer Group က Dicota အမှတ်တံဆိပ် Notebook အိတ်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်ပြိုင်တည်းရောင်းချမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက KMD Computer Sales & Service Centre အမှတ် ၅၅၀-၅၅၂ ကုန်သည်လမ်းနှင့်၃၆လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၂၄၅၁၈၀၊ KMD Computer Sales & Service Centre(ပြည်လမ်း)အမှတ် ၃၃၁ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၂၂၄၄၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂ နှင့် KMD Sales Centre (Mandalay) အမှတ်(၁၀၃/၁) ၇၇လမ်း ၂၇ လမ်းနှင့် ၂၈လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၆၀၂၃၉၊ ၆၀၃၆၀တို့၌ ဆက်သွယ်ဝယ်ယူ ရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် နေပြည်တော်စည်းရုံးရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် နေပြည်တော်တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ ပညာသင်စရိတ်နှင့် မသန်မစွမ်းစစ်သည်များ ထောက်ပံ့ငွေပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်ကြည် နေပြည်တော်တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ၏ ပညာသင်စရိတ်နှင့် မသန်မစွမ်းစစ်သည်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၂၇

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် နေပြည်တော်စည်းရုံးရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇွန်၂၇ရက် နံနက် ၉နာရီတွင် နေပြည်တော်တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည့် မြို့နယ်စည်းရုံးရေးကော်မတီ ပညာသင်စရိတ်နှင့် မသန်မစွမ်းစစ်သည်များ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းမှာကြား

အခမ်းအနားတွင် ဝန်ကြီးက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက် (၄)ရပ်၊ လုပ်ငန်းတာဝန်ကြီး(၅)ရပ်နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အစည်းအဝေး (၁/၂၀၀၉)တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

လှူဒါန်း

အဆိုပါ အခမ်းအနားတွင် စစ်မှုထမ်းဟောင်း သားသမီး ကျောင်းသား ကျောင်းသူ ၁၁၆ဦးတို့အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၅၃၀၅၀၀နှင့် မသန်မစွမ်းစစ်သည် ၃၀အတွက် ငွေကျပ်၃၀၀၀၀၀စုစုပေါင်းငွေကျပ် ၈၃၀၅၀၀ချီးမြှင့်ခဲ့ကြောင်း၊ အလှူရှင်များက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အတွက် ရာသက်ပန်ငွေပဒေသာပင်၊ မသန်မစွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် အဝတ်အထည်များ၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းနှင့် မန္တလေးမြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၇

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန်၂၃ရက်တွင် စစ်ကိုင်း ပညာရေးတက္ကသိုလ်၌ ကျင်းပသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေး ကောလိပ်နှင့် စစ်ကိုင်းနည်းပညာကောလိပ်တို့သို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို တက်ရောက်၍ အမှာစကားပြောကြားပြီး စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးကောလိပ်နှင့် စစ်ကိုင်းနည်းပညာကောလိပ်တို့အတွက် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် အလေးမ အားကစားနည်း အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** တာဝန်ရှိသူများက လက်ခံကြပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးယဉ်ဝင်းမောင်က ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် မန္တလေးမြို့ ရတနာပုံတက္ကသိုလ်၌ ကျင်းပသည့် ရတနာပုံတက္ကသိုလ်နှင့် မန္တလေးပညာရေးကောလိပ်တို့အတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ်နှင့် မန္တလေးပညာရေးကောလိပ်တို့အတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် အလေးမအားကစားနည်း အထောက်အကူပြုပစ္စည်းများကို ပေးအပ်လှူဒါန်းကာ ရတနာပုံတက္ကသိုလ်ရှိ ကာယဗလ၊ ကာယအလှအားကစား လေ့ကျင့်ရေးခန်းမနှင့် အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန စတုတ္ထပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၉ခုနှစ် စတုတ္ထပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်တို့၌ ကျင်းပရာ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုး

ယနေ့ကျင်းပသည့် စတုတ္ထပတ် သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ ဆီသပြေ၊ တမာ၊ မဲဇလီနှင့် ပိတောက်စသည့် ပျိုးပင်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင် ၃၀၀၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ၃၂၅ပင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော်ပုံနှိပ်စက်ရုံ၌ အပင် ၃၅၀နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်သတင်းစာတိုက်၌ အပင် ၄၀၀ စုစုပေါင်း ၁၃၇၅ပင် စိုက်ပျိုးကြသည်။ **(သတင်းစဉ်)**

ရေစီးရေလာ ကောင်းမွန်ရေး ဟိုပင်၌ ဆောင်ရွက်

ဟိုပင် ဇွန် ၂၇

ဟိုပင်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မြသီတာရပ်ကွက် အဓိက ရေထွက်မြောင်းမကြီးကို မေ ၃၀ရက်က ယာဉ်စက်ယန္တရားဖြင့် ဆယ်ယူခြင်းလုပ်ငန်းများကို မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအောင်ထွန်းတို့က ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး သုံးခွ၌ဆွေးနွေး

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးနှင့်အတူ ဇွန် ၁၈ရက်က သုံးခွမြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တံတားမြို့တို့မှ မြို့နယ်ဦးစီးမှူးများ ဓာတ်ပုံ(၂) ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၉-၂၀၁၀ခုနှစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းတာဝန်(၁၁)ရပ် အောင်မြင်အောင် ဆောင်ရွက်ရေး၊ စံ(၅)ရပ်ဖြင့် ပြည့်စုံသော ခိုင်မာသည့် စာကြည့်တိုက်များ ဆောင်ရွက်ရေး၊ စာကြည့်တိုက်ပညာသင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားရေးတို့ကို ဆွေးနွေးပြီးနောက် သုံးခွမြို့နယ် ရုံးစာကြည့်တိုက် ဆောင်ရွက်ထားမှု၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများ ခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စာအုပ်စာပေ လှူမိတ်ဆွေ

စံ(၅)ချက်နှင့် ကိုက်ညီသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး

စာငှားစနစ်များ ကျယ်ပြန့်စွာအသုံးပြုရေး ဆွေးနွေး

မူဆယ် ဇွန် ၂၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးအောင်ငွေသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းလိုက်ပါလျက် ဇွန်၂၂ရက်က မူဆယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ စံ(၅)ချက်နှင့်ကိုက်ညီသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် စာငှားစနစ်များ ကျယ်ပြန့်စွာ အသုံးပြုရေးတို့အတွက် မူဆယ်ခရိုင်ရှိ ခရိုင်ဦးစီးအရာရှိ၊ မြို့နယ်ခြောက်ခုမှ မြို့နယ်ဦးစီးမှူးများ၊ ခရိုင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

အမှာစကားပြော

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး (ပြန်/ဆက်)နှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားသည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များကို ထပ်ဆင့်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်းက မူဆယ်ခရိုင်၏ ခိုင်မာစာကြည့်တိုက်များ ဆောင်ရွက်နိုင်မှု အခြေအနေ၊ ကျေးရွာစာကြည့်တိုက်များ၏ အဆောက်အအုံ ပိုင်ဆိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မူဆယ်၊နမ့်ခမ်း၊ကွတ်ခိုင်၊ မုံးကိုး၊ တာမိုးညဲ၊ မန်ဟီးရိုးမြို့နယ် ဦးစီးမှူးများက မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး(ပြန်/ဆက်)က စံ(၅)ချက်နှင့် ကိုက်ညီသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာငှားကတ်စနစ်များ ကျယ်ပြန့်စွာအသုံးပြုရေးတို့ကို ဆွေးနွေးမှာကြားသည်။ ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူး(ပြန်/ဆက်)သည် မူဆယ်ခရိုင်ရုံး၏ ရုံးစာကြည့်တိုက်ရှိ စာအုပ်များ စနစ်တကျထားရှိမှု၊ စာငှားစနစ်များ ရည်ညွှန်းစာဖတ်ခန်း၊ ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေစိုက်နံရံကပ်ဘုတ်ကြီးနှင့် ရုံးပြဘုတ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

28-6 (11).pmd 1 6/28/2009, 2:43 AM

ရန်ကုန်တိုင်းအတွင်းရှိ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများအား ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၂၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၂၀ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် နိုင်ငံတော်၏ဦးတည်ချက်၊ ရည်မှန်းချက်များကို သဘောပေါက်နားလည်ပြီး အစဉ်ဦးထိပ်ထားကြရန်ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများဖြစ်ကြသည်နှင့်အညီ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုနှင့် ဝန်ထမ်းစည်းမျဉ်းများ လိုက်နာကျင့်သုံးမှုတွင် စံနမူနာပြဖြစ်ကြရန် အရေးကြီးကြောင်း၊ ဌာနဆိုင်ရာတာဝန်များကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးများနှင့်အညီ ဆောင်ရွက်ရင်း နိုင်ငံတော်စီးပွားရေး ပိုမိုဖွံ့ဖြိုးစေရန် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။ (အပေါ်ပုံ)

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ တိုင်းဦးစီးဌာနမှူးများ၊ တိုင်းမန်နေဂျာများက ဘဏ္ဍာနှစ်ရည်မှန်းချက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ် အကောက်ခွန်သိုလှောင်ရုံတွင် သွင်းကုန်ပစ္စည်းများကို စနစ်တကျ အခွန်စည်းကြပ်ကောက်ခံခြင်း၊ တရားမဝင် တင်သွင်းမှုများကို စိစစ်တားဆီးခြင်း၊ ကျသင့်အခွန်နှင့် ဒဏ်ကြေးသတ်မှတ်ပြီး ပြန်လည်ထုတ်ပေးခြင်း စသည့် လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် ကုန်လှောင်ရုံတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ကုတ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇွန် ၂၇

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက်ရဝနှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲများကို ဇူလိုင် ၂၆ရက် နံနက်ရနာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာအသက်ရဝနှင့်အထက်ရှိသော အသင်းဝင်များနှင့် မိဘများ၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဇူလိုင်၁၅ရက်နောက်ဆုံးထား၍ နာယကများဖြစ်ကြသော ဦးညီလှိုင် ဖုန်း-၀၉- ၅၁-၆၃၇၀၃၊ ဦးမြင့်အောင် ဖုန်း-၇၂၃၈၄၉၊ ဦးစံတင် ဖုန်း-၇၀၉၂၁၈ နှင့် ဦးမင်းရွှေ(ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၉၉၂၃၉ တို့သို့ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်း (၂/၂၀၀၉)နှင့် လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၂/၂၀၀၉)သင်တန်းများဖွင့်ပွဲကို ဇွန် ၂၃ရက် နံနက် ၇ နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြင်းခြံ-တလုပ်လမ်းပေါ် ရေကျော်ကြံ့ခိုင်မှုစစ်ဆေး

မြင်းခြံ ဇွန် ၂၇

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် မေ၂၃ရက်က မြင်းခြံ-တလုပ်လမ်းပေါ်ရှိ ယခင်နှစ်များက ဆောင်ရွက်ထားသော သာပေါင်းတံတား တောင်ဘက်ရေကျော် ကြံ့ခိုင်မှုရှိမရှိကို ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းက ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၁၅) ထွက်ပြီ

ရန်ကုန် ဇွန် ၂၇

ယခုအပတ်ဂျာနယ်တွင် ရေသွင်းပဲတီစိမ်း ယခင်နှစ်ထက်အကျိုးဖြစ်၊ ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ မြန်မာ့စားသောက်ကုန်များ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်၊ ဗီယက်နမ်ဆန်တင်ပို့နှုန်း မှတ်တမ်းတင်ဖွယ်မြင့်မား၊ ၂၀၀၉-၂၀၁၀ မှာ ကမ္ဘာ့နှံစားသီးနှံထွက်ရှိမှုကျဆင်းဖွယ်ရှိ အစရှိသည့် ပြည်တွင်းပြည်ပသတင်းများနှင့်တကွ လှည်းလမ်းကြောင်းတစ်လျှောက် ပီတိအပြုံးတွေ၊ ထားမေတို့ရွာ၊ ရပ်ကွက်ထဲမှာ သူတော်ကောင်းတစ်ယောက်ရှိနေရင်၊ ပိတောက်နှင့်ချယ်ရီ၊ ပုဂံခေတ်ဝါဆိုလပြည့်၊ မွေးမြူအပ်သော မခံချင်စိတ် သုတရသ ဆောင်းပါးများ ဖော်ပြထားသည်။

အဆိုပါဂျာနယ်(ဝဲပုံ) ရနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိစာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လူတုပ်ကွေးရောဂါ ကာကွယ်ရေးပညာပေး

ရေဦး ဇွန် ၂၇

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ၂၉ရက် နံနက် ၉ နာရီက ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါက်တာမောင်မောင်က လူတုပ်ကွေး တားဆီးကာကွယ်ရေးဆိုင်ရာများ ပညာပေး ရှင်းလင်းဟောပြောကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် အမှတ်(၁၄)ရပ်ကွက် ရှေးဟောင်းလမ်း ပြုပြင်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကွင်းဆင်းကြည့်ရှုရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်နီနီအောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇွန် ၁၉ ရက်က မကွေးမြို့ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာဦးကျော်ဝေက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးဘူတာနှင့် နည်းပညာကောလိပ်အကြားရှိ မြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပညာရေးကောလိပ်ဘူတာ တည်ဆောက်ရန် စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့ဝင်များသည် ဇွန် ၂၁ရက် နံနက်က ကျောက်ပန်းတောင်းမြို့အနီး အင်းတောကျယ်ဘူတာသို့ရောက်ရှိပြီး ရန်ကုန်-မြင်းခြံ ရထားလမ်း အဆင့်မြှင့်တင်ရေးအတွက် ရောက်ရှိနေသော ၇၅ပေါင် သံလမ်းများစုပုံထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့်ပျော်ဘွယ်မြို့နယ်ရန်အောင်ကျေးရွာရှိ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း ပျော်ဘွယ်-နတ်မောက်လမ်းပိုင်း ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးမင်းသိန်းစိုးနှင့် စီမံကိန်းဒါရိုက်တာ ဦးကျော်ဝေတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အဖွဲ့ဝင်များသည် ရန်အောင်ဘူတာတည်ဆောက်ပြီးစီးမှု၊ တဖန်းချောင်းရွာနှင့် တောင်ညောင်ကုန်းရွာ အကြား စက်ယန္တရားများဖြင့် ဖြတ်မြေလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ရေငံရွာအနီးရှိ ကားလမ်းအောက်မှ ရထားများ ချောမွေ့စွာ ဖြတ်သန်းနိုင်ရေးအတွက် ဖောက်လုပ်ထားသော Road Over Bridgeကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဇွန်၁၅ရက်က မြို့မဈေးကြီးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အကြို သစ်ပင်စိုက်ပွဲတော် ဟားခါး၌ ကျင်းပ

ဟားခါး ဇွန် ၂၇

၂၀၀၉ခုနှစ် မြန်မာအမျိုးသမီးများနေ့အကြို သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၀ရက် နံနက်၇နာရီက နည်းပညာကောလိပ် ပတ်ဝန်းကျင်၌ ကျင်းပသည်။

သစ်ပင်စိုက်ပွဲသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူအင်အား ၁၅၀၀ကျော် တက်ရောက်ကြသည်။

ထို့နောက် ယူကလစ်၊ ထင်းရှူး၊ စွယ်တော်၊ စိန်ပန်းပြာ၊ သရက်၊ ချယ်ရီ၊ ရေသင်းဝင် စသည့် စုစုပေါင်း အပင် ၃၅၂၅ ပင်တို့ကို တက်ရောက်လာသူများက စုပေါင်း၍တပျော်တပါး စိုက်ပျိုးကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

28-6 (12).pmd 1 6/28/2009, 2:43 AM

ရတနာပုံအသင်း လူစုံ၊ ပညာစုံ ခြေကုန်ထုတ်ရမည့် ဥဿာယူနိုက်တက်နှင့် ယှဉ်ပြိုင်ရသည့်ပွဲစဉ် (၂၅)

ပွဲကြိုသုံးသပ်ချက် - မြန်မာလိဂ်လေ့လာသူတစ်ဦး စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၇

နောက်ဆုံးပွဲစဉ်အထိ အသက်ဝင်နေသေးမည့် အနေအထားရှိနေသော MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲကြီးမှာ ယနေ့ညနေ ဆိုလျှင်လည်း ပရိသတ် စိတ်ဝင်စားမည့် ပွဲကောင်းတစ်ပွဲ ကြည့်ရဖို့ ရှိနေပြန်သည်။ ယင်းပွဲစဉ်မှာ ပဲခူးတိုင်းကိုယ်စားပြု ဥဿာယူနိုက်တက်အသင်းနှင့် မန္တလေး ပရိသတ်များသာမက ပရိသတ်အများစု၏ တစ်ခဲနက်အားပေးမှုကိုပါခံနေရသည့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံမည့်ပွဲ ဖြစ်လေသည်။

အံ့သြချီးကျူးစရာ

ယခုပြိုင်ပွဲကြီးမစတင်မီ သုံးစွဲထားသည့် ငွေကြေးပမာဏ၊ ခေါ်ယူအားဖြည့်ထားသည့် ကစားသမားအင်အား အနေအထားနှင့် နည်းပြအဖွဲ့၏အမည် အရှိန်အဝါ သိပ်မရှိခဲ့မှု အခြေအနေများကြောင့် ဥဿာယူနိုက်တက်အသင်းကို ဘောလုံးအကဲခတ်အချို့က သိပ်မထင်ထားခဲ့ကြဘဲ ပြိုင်ဘက်အသင်းကြီး အချို့ကလည်း အနည်းငယ် လျှော့တွက်ခဲ့ကြသည်။ သို့သော်

ဥဿာယူနိုက်တက်နှင့် ယှဉ်ပြိုင်မည့် ရတနာပုံအသင်း။ (မြန်မာ့အလင်း)

ပြိုင်ပွဲတကယ်စတင်ချိန်တွင်တော့ ဥဿာအသင်းမှာ လူအများ အံ့သြမှင်တက်မိအောင် လုပ်ပြနိုင်ခဲ့သည်။

ခြောက်ပွဲကစားပြီးချိန်တွင် သူတို့အသင်းထက် ကစားသမား အင်အားများစွာ ပိုမိုတောင့်တင်းသော အသင်းကြီးများကို ဒုက္ခကောင်းကောင်း ပေးနိုင်ခဲ့ပြီး အတိုင်းအတာတစ်ခုမက အောင်မြင်မှုရခဲ့သည်။ နိုင်ငံခြားသား ကစားသမားများပါဝင်သော နာမည်ကြီး ဒဲလ်တာယူနိုက်တက်အသင်းကို အနိုင်ယူပြနိုင်ခဲ့ပြီး ဇေယျာရွှေမြေနှင့် ဆောက်သမ်းမြန်မာ အသင်းများကို သရေကစားပြနိုင်သည်အထိ အံ့သြချီးကျူးဖွယ်ရာ စွမ်းဆောင်မှုမျိုး လုပ်ပြနိုင်ခဲ့သည်။ ထို့ကြောင့် အများမထင်မှတ်ခဲ့သော ဥဿာယူနိုက်တက်အသင်းမှာ ကစားသမားအင်အား အလွန်တောင့်တင်းလှသော ဇေယျာရွှေမြေကဲ့သို့ အသင်းကြီးနဲ့ ရမှတ်တူကာ ဇယားအလယ်အဆင့်တွင် ရပ်တည်နေသည်။

နိုင်မှဗိုလ်လုပွဲတက်မည်

ရတနာပုံအသင်းမှာလည်း ခေါ်ယူထားသည့် နိုင်ငံခြားသား ကစားသမားအားလုံးမှာ ပြည်တွင်းကစားသမားများနှင့် တွဲဖက်မိစွာ ကစားပြနေနိုင်ပြီး နိုင်ငံခြားသား နည်းစနစ် ဒါရိုက်တာနှင့် နည်းပြတို့ကိုပါ ခန့်ထားခဲ့သည့်အတွက် အသင်းလိုက်ကစားကွက်၊ နည်းဗျူဟာကောင်းမွန်နေသည့်အပြင် တစ်ဦးချင်းနှင့် အသင်းလိုက် ကစားကွက်ကလည်း သွက်လက်ကောင်းမွန်နေသောကြောင့် မကွေးကဲ့သို့ ဇယားထိပ်ပိုင်းက ပြိုင်ဘက်အသင်းကောင်းကိုပင် အနိုင်ယူပြနိုင်ခဲ့သော အသင်းကြီးဖြစ်သည်။ ထို့ပြင် လက်ရှိဇယားထိပ်ဆုံးပိုင်းတွင် ရှုံးပွဲမရှိ ၁၄မှတ်ရနေသောကြောင့် ယခုပွဲနိုင်ရုံဖြင့် ဗိုလ်လုပွဲ တက်ခွင့်ရမည် ဖြစ်သည်။ ထို့ကြောင့် လက်တစ်ကမ်းအလိုရောက်နေသော ဗိုလ်လုပွဲတက်ခွင့်ကို မည်သို့မျှ လက်လွှတ်ခံမည် မဟုတ်ပေ။ ယမန်နေ့က ရန်ကုန်ယူနိုက်တက်အသင်းကလည်း ဒဲလ်တာယူနိုင်တက်ကို နိုင်လိုက်သောကြောင့် ဗိုလ်လုပွဲတက်ရန် နီးစပ်သွားသဖြင့် ရတနာပုံအသင်းအနေဖြင့် ယခုပွဲစဉ်ကို လူစုံပညာကုန်၊ ခြေကုန်ထုတ်၍ မဖြစ်မနေ အနိုင်ရအောင် ကြိုးစားမည့် အနေအထားရှိသည်။

ပေါ့ဆမိပါက

သို့သော်လည်း ဥဿာယူနိုက်တက်အသင်းကလည်း သိုသိုသိပ်သိပ်ဖြင့် ပြင်ဆင်ထားပြီး အသင်းပိုင်ရှင်ကလည်း သူ့အသင်းကို စိတ်ဓာတ်တက်ကြွအောင် နောက်ကွယ်မှ အကောင်းဆုံးပံ့ပိုးထားသောကြောင့် စိတ်ဓာတ်ပိုင်းတွင် ဥဿာအနေဖြင့် ရတနာပုံကို ကောင်းကောင်း ယှဉ်နိုင်သည့် အနေအထားရှိသည်။ ထို့အပြင် ယခုပွဲတွင် ဥဿာအနေဖြင့် ရတနာပုံလို ဖိအားတွေမရှိဘဲ စိတ်အေးအေးထား ကစားခွင့်ရနေသည့် အချက်ကလည်း မထင်မှတ်သည့် ပွဲအလှည့်အပြောင်းမျိုးမဖြစ်နိုင်ဟု အတတ်ပြော၍ မရပေ။ ထို့ကြောင့် ရတနာပုံအနေဖြင့် ပွဲချိန်ပြည့်၊ အာရုံစူးစိုက်မှုအပြည့်၊ ကြိုးစားမှုအပြည့်ဖြင့် သေချာပြင်ဆင် ကစားနိုင်မှသာ ရလဒ်ကောင်းကို မျှော်လင့်နိုင်မည် ဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်းကိုယ်စားပြု ဥဿာယူနိုက်တက်အသင်း ရတနာပုံအသင်းကို ယှဉ်နိုင်မှာလား....။ (မြန်မာ့အလင်း)

၂၇-၆-၂၀၀၉ ရက် ပွဲစဉ်အပြီး အမှတ်ပေးဇယားရပ်တည်မှု

	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
၁	ရန်ကုန်ယူနိုက်တက် F.C	၇	၅	၁	၁	၁၃	၆	၅	၁၆
၂	ရတနာပုံ F.C	၆	၄	၂	-	၈	၃	၅	၁၄
၃	မကွေး F.C	၆	၄	၁	-	၉	၄	၅	၁၃
၄	ကမ္ဘောဇ F.C	၅	၃	-	၂	၇	၃	၄	၉
၅	ဥဿာယူနိုက်တက် F.C	၆	၁	၂	၃	၄	၈	-၄	၅
၆	ဇေယျာရွှေမြေ F.C	၆	၁	၂	၃	၄	၈	-၄	၅
၇	ဆောက်သမ်းမြန်မာ F.C	၆	၁	၁	၄	၃	၇	-၄	၄
၈	ဒဲလ်တာယူနိုက်တက် F.C	၆	-	၁	၅	၂	၁၁	-၉	၁

ဒဲလ်တာယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည့် ရန်ကုန်ယူနိုက်တက်အသင်း ဆုယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

✻ ကျောဖုံးမှ

ဂိုးပြတ်သွင်းနိုင်ဖို့လည်း လိုခဲ့ပါတယ်။ အဲဒါကြောင့် ရတနာပုံနဲ့ ကမ္ဘောဇတို့ပွဲမှာ အကောင်းဆုံးပုံစံရခဲ့တဲ့ လူစာရင်းထဲက ရန်အောင်ဝင်းနေရာမှာ စိုးလင်းထွန်းကို အပြောင်းအလဲလုပ်ခဲ့တာကလွဲရင် အဲဒီလူစာရင်းနဲ့ပဲ ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းဟာ အခုပွဲ အနိုင်ရခဲ့ပေမယ့် ဗိုလ်လုပွဲတက်ဖို့ မသေချာသေးဘဲ ကမ္ဘောဇနဲ့ မကွေးတို့ရဲ့ နောက်ဆုံးပွဲစဉ်ရလဒ်ကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ကြိုးစားခဲ့

ပြိုင်ပွဲမစတင်ခင်က ပြင်ဆင်မှုကောင်းကောင်း ပြုလုပ်ထားပေမယ့် မထင်မှတ်ဘဲ ရလဒ်ဆိုးတွေ ကြုံတွေ့ပြီး အမှတ်ပေးဇယား အောက်ဆုံးမှာရောက်နေတဲ့ ဒဲလ်တာယူနိုက်တက်အသင်းကတော့ အခုပွဲမှာ နိုင်ပွဲစရဖို့ ကြိုးစားခဲ့ပါတယ်။ ခြေစွမ်းအရတော့ အရင်ပွဲတွေထက် အများကြီးပိုကောင်းခဲ့ပေမယ့် နှစ်ဂိုးသာသွင်းယူနိုင်သေးတဲ့ တိုက်စစ်ပိုင်းကတော့ အလုပ်မဖြစ်ခဲ့ပါဘူး။ အာဂျင်တီးနားကစားသမားတွေကိုမသုံးဘဲ ပြည်တွင်းကစားသမားတွေနဲ့သာ ယှဉ်ပြိုင်ခဲ့တဲ့ ဒဲလ်တာယူနိုက်တက်အသင်းဟာ ရန်ကုန်ယူနိုက်တက်အသင်းရဲ့ ဂိုးများများသွင်းယူနိုင်ရေးအိပ်မက်ကို တားဆီးနိုင်ခဲ့ပေမယ့် ငါးပွဲဆက်အရှုံးနဲ့ပဲ ရင်ဆိုင်ခဲ့ရပါတယ်။

ဒဲလ်တာယူနိုက်တက်ရဲ့ တိုက်စစ်အသားပေး ကစားတဲ့ပုံစံကြောင့် ရန်ကုန်ယူနိုက်တက်အသင်း ကစားကွက်အသာမရခဲ့ဘဲ ခြေကုန်ထုတ်ကစားခဲ့ရပါတယ်။ ဒါပေမယ့် လေးမိနစ်မှာပဲ စိုးလင်းထွန်းရဲ့ ကန်သွင်းမှုကနေ ဂိုးစရသွားတာကတော့ ရန်ကုန်ယူနိုက်တက်ကို ဖိအားနည်းသွားစေတာ အမှန်ပါပဲ။ အဲဒီနောက်ပိုင်းမှာ ပွဲဟာ အပြန်အလှန်ရှိလာသလို နှစ်သင်းစလုံး ဂိုးသွင်းခွင့်တွေ ရခဲ့ကြပါတယ်။ ရန်ကုန်ယူနိုက်တက်က မျိုးမင်းထွန်းရဲ့ အပိုင်ကန်သွင်းချက်ကို ဂိုးထဲဝင်ခါနီးမှ ဒဲလ်တာယူနိုက်တက် နောက်ခံလူ ရှင်းထုတ်နိုင်ခဲ့သလို ဒဲလ်တာယူနိုက်တက်က စိုးသီဟအောင်နဲ့ လှအေးထွေးတို့ရဲ့ အပိုင်ကန်ချက်တွေ လွဲချော်ခဲ့တာကလည်း ရန်ကုန်ယူနိုက်တက်ကို သက်သာရာရစေခဲ့ပါတယ်။ ရန်ကုန်အတွက် ဒုတိယဂိုးကိုတော့ ၂၈ မိနစ်မှာ ကြည်လင်းက သွင်းယူခဲ့ပါတယ်။

လက်စွမ်းပြ

ဒုတိယပိုင်းမှာတော့ ရန်ကုန်ယူနိုက်တက်ဟာ ဂိုးတွေထပ်ရဖို့ ကျော်သူရနဲ့ ကျော်ဇေယျာဝင်းကိုထည့်ပြီး တိုက်စစ်အားမြှင့်ခဲ့ပေမယ့် ပထမပိုင်းကလောက် ဒဲလ်တာဂိုးပေါက်ကို မခြိမ်းခြောက်နိုင်ခဲ့ပါဘူး။ ဒဲလ်တာယူနိုက်တက်ဟာ အချိန်တော်တော်များများ ဖိကစားနိုင်ခဲ့ပေမယ့် ရန်ကုန်ယူနိုက်တက် နောက်တန်းကို မကျော်နိုင်ခဲ့သလို မင်းမင်းထွန်း၊ စိုးသီဟအောင်၊ မင်းမင်းသူတို့ရဲ့ ကန်ချက်တွေကိုလည်း အောင်အောင်ဦး လက်စွမ်းပြကာကွယ်သွားနိုင်ခဲ့ပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ကြည်လင်း(ရန်ကုန်ယူနိုက်တက်)ကို Grand Royal က ငွေကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ရန်ကုန်ယူနိုက်တက်ကို ကမ္ဘောဇဘဏ်က ငွေကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ဒဲလ်တာယူနိုက်တက်အသင်း ထိုးဖောက်မှုကို ရန်ကုန်ယူနိုက်တက်အသင်း ဂိုးသမား အောင်အောင်ဦး(အသင်းခေါင်းဆောင်) ကာကွယ်ခဲ့စဉ်။ (မြန်မာ့အလင်း)

ဒီနေ့ပွဲအပြီးမှာ ရန်ကုန်ယူနိုက်တက်က ပွဲစဉ်ခုနစ်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး၊ ၁၆မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပေမယ့် ဗိုလ်လုပွဲရောက်ရှိရန် မသေချာသေးဘဲ ကမ္ဘောဇနဲ့မကွေးပွဲအဖြေကို စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

မျှော်လင့်

ရန်ကုန်ယူနိုက်တက် နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက**"ကျွန်တော်တို့ရဲ့ နောက်ဆုံးပွဲဖြစ်တဲ့အပြင် ဂိုးများများနဲ့ အနိုင်ရမှာဖြစ်တာကြောင့် တိုက်စစ်ကို ဦးစားပေး ကစားခဲ့ပါတယ်။ ဒါပေမယ့် ပြိုင်ဘက်အသင်းက နည်းစနစ်ရော တစ်ဦးချင်းပါ ကောင်းတဲ့အပြင် ရာသီဥတုကြောင့်လည်း ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ အခွင့်အရေးတွေသာ ဂိုးဖြစ်ခဲ့မယ်ဆိုရင် လေး၊ ငါးဂိုး လောက်ရပါတယ်။ ဗိုလ်လုပွဲတက်ဖို့ ကျွန်တော်တို့ မျှော်လင့်နေပါတယ်"**လို့ ပြောကြားခဲ့ပါတယ်။

ဒဲလ်တာယူနိုက်တက် နည်းပြချုပ် ဦးဆန်းဝင်းက **"အသင်းလိုက် ကစားပုံရော ကစားသမားတွေရဲ့ တစ်ဦးချင်း စွမ်းဆောင်မှုတွေပါ အရင်ပွဲတွေထက် ပိုကောင်းခဲ့ပါတယ်။ စောစောစီးစီး ဂိုးပေးလိုက်ရလို့ ကျွန်တော်တို့ရှုံးသွားတာပါ။ အာဂျင်တီးနား ကစားသမားတွေက အသင်းနဲ့အံမဝင်လို့ မသုံးတာပါ"**လို့ ပြောကြားခဲ့ပါတယ်။

ယနေ့ပွဲ

သုဝဏ္ဏကွင်း (ညနေ ၄နာရီ)

ဥဿာယူနိုက်တက် - ရတနာပုံ။

(မြန်မာ့အလင်း)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံဝင်းနေ
(ဦးစိန်ရွှေ) (မြန်မာ့သစ်လုပ်ငန်း၊ တိုင်းရုံး)-ဒေါ်သိန်းတင်တို့၏သား

ဗိုလ်မှူးသောင်းတင်ငြိမ်း

နှင့်

မန္တလေးမြို့၊ အကွက်(၂၀၉)၊ အလည်ဘောင်ရပ်နေ
ဦးငွေလွင်-ဒေါ်တင်လင်း (မေသူကျော်ပွဲရုံနှင့် သုခချမ်းသာ ပဲမျိုးစုံရောင်းဝယ်ရေး)
တို့၏သမီးကြီး

မစုစုလွင် B.Sc (Q), M.Sc (Zoology)

တို့၏ ၂၀-၆-၂၀၀၉ရက် (စနေနေ့)တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပသော လက်ထပ်ဆွမ်းကပ်မင်္ဂလာနှင့် ၂၃-၆-၂၀၀၉ရက် (အင်္ဂါနေ့) Oriental House မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော မန္တလေးတိုင်း တွဲဖက်တိုင်းတရားသူကြီး ဒေါ်တင်တင်ဝါအားလည်းကောင်း၊ အစစအရာရာ အကူအညီပေးကြသော သူငယ်ချင်း မိတ်ဆွေများအားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးသောင်းတင်ငြိမ်း-မစုစုလွင်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊အမှတ်(၉)ရပ်ကွက်၊မြောင်းကြီးလမ်း၊အမှတ်၂၄နေ
(ဦးကံရွှေဝင်း)-ဒေါ်ခင်ညိုတို့၏တစ်ဦးတည်းသောသား

မောင်နေဇော်လတ် Second Year (Zool)

နှင့်

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊အမှတ်(၇)ရပ်ကွက်၊မဟာဗန္ဓုလလမ်း၊အမှတ်၆နေ
ဦးသန်းထိုက်-ဒေါ်အေးအေးမြတ်တို့၏တစ်ဦးတည်းသောသမီး

မအိဖြူဇင် Second Year (Law)

တို့သည် ၂၅-၆-၂၀၀၉ရက်တွင် နှစ်ဖက်သောမိဘများ ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်နေဇော်လတ်-မအိဖြူဇင်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပြည်မြို့၊ ပန်းတောင်းမြို့နယ်၊ ကစလ(၃) ရွာသစ်နေ
ဦးကျော်လင်း-ဒေါ်ချိုလေးတို့၏သား

ဗိုလ်ချမ်းမြေ့လင်း B.Sc (Physics), (D.S.A) နှင့်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်နေ
ဦးထွန်းကြိုင်-ဒေါ်သန်းကြည်တို့၏သမီး

မဇင်မေထွန်း B.Sc (Chemistry)

တို့သည် ၄-၆-၂၀၀၉ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဗိုလ်ချမ်းမြေ့လင်း-မဇင်မေထွန်း။

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော အမှန်တကယ်တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ **IELTS, TOEFL** ဖြေဆိုသူ၊ တက္ကသိုလ်ဝင်တန်း၊ အင်္ဂလိပ်စာနှင့် အလုပ်လုပ်နေသူအားလုံး မဖြစ်မနေတက်ပါ။

ဇူလိုင် (၄/၇/၈)ရက် (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ်ဖွင့်သည်။

၁၉၅၊၃၆လမ်း(အထက်)၊အနော်ရထာလမ်းနှင့်နီး၊ရန်ကုန်မြို့။
Ph: 09-51-72096, 09-51-96014, 01-245683



အမည်ပြောင်း

မာန်အောင်မြို့နယ် ကမားကျေးရွာနေ ဦးသန်းမြင့် (အဖ ဦးငပွ)အား ယနေ့မှစ၍ ဦးတင့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးတင့်အောင်။

ဖခင်အမည်မှန်

ညောင်လေးပင်မြို့ အထက(၂) တက္ကသိုလ်ဝင်တန်း ပညာ-၉၉၂ ဖြင့် ဖြေဆိုအောင်မြင်ပြီးဖြစ်သော မောင်ရန်မျိုးနိုင်၏ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/ညလပ (နိုင်) ဝ၃၉၃၅၃ ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်။

သင့်သွေးဖြင့် အသက်ကယ်ပါ

သထုံမြို့ မဈေး ရေမြောင်းများ ရေစီးရေလာကောင်းရေးဆောင်ရွက်

သထုံ ဇွန် ၂၇

သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများ သန့်ရှင်းသပ်ရပ်စေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်၁၄ရက်တွင် မြို့မဈေးအနောက်ဘက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းကို ဒုတိယဦးစီးမှူး(ဈေး) ဒေါ်ယုယုဇော်နှင့်အဖွဲ့ ရုံးဝန်ထမ်းများ စုပေါင်းတူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန် ၂၆ရက်က ဗဟန်းမြို့နယ် ငါးထပ်ကြီးတောင်ရပ်ကွက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှု၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များစုပေါင်း၍ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းအဖြစ် ဒေါင်းငါးများထည့်ခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၁၃၅)

သစ်သီးဖျော်ရည်နှင့်သစ်သီးယိုမျိုးစုံထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇွန် ၂၇

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး)မှ ဖွင့်လှစ်သော (၁၉)ကြိမ်မြောက် သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်းသင်တန်းသို့ မတက်လိုက်ရသောသူများအတွက် ထပ်မံ၍ (၂၀/၂၁)ကြိမ်မြောက် သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလမှာ ဇူလိုင်၁၅ရက်မှ ၂၁ရက်အထိနှင့် ၂၂ရက်မှ ၂၈ရက်အထိဖြစ်၍ သင်တန်းကာလအတွင်းတွင် စားသောက်ကုန်ထုတ်လုပ်မှုများအပြင် ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် လိုက်နာရမည့်အချက်များ၊ သမဝါယမကောလိပ်ကျောင်းအုပ်ကြီးမှ ကုန်ပစ္စည်းများထုတ်လုပ်မှုနှင့် ဈေးကွက်ဆိုင်ရာ စီမံခန့်ခွဲမှု နည်းပညာများ အသိပညာများကိုပါ ထည့်သွင်းပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုပါက သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ(မန္တလေး) ၈၂×၂၅လမ်းထောင့် အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၀၉၊ ၀၉-၂၀၀၀၇၃၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီး)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မတ္တရာမြို့အဝင် လမ်းဘေးဝဲယာတစ်လျှောက် ပန်းအလှပင်များဖြစ်သော နွယ်သာကီနှင့် စက္ကူပန်းပင်များ၊ ဂျပန်ဗိုလ်ကတော်များ၊ စိန်ပန်းပု စသည်တို့ကို ဇွန်၆ရက်က မြေချစိုက်ပျိုးခြင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့ကြပ်မတ်၍ အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပွဲ ထီးလင်း၌ကျင်းပ

ထီးလင်း ဇွန် ၂၀

သစ်တောဦးစီးဌာနမှ ကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂ ရက် နံနက် ၇ နာရီက ထီးလင်းမြို့ အမှတ်(၂)ရပ်ကွက် မူလတန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော် ကျင်းပရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း အင်အား ၃၅၅ ဦးတက်ရောက်ခဲ့ကြရာ ထီးလင်းမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအုန်းလွင်၏ ကြီးကြပ်မှုဖြင့် မာတာကွတ်အပင် ၅၀၊ ယူကလစ်ပင် ၅၅၀တို့ကို စိုက်ကေနှစ်ကေတွင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စလင်းမြို့သန့်ရှင်းသာယာလှပရေးအတွက် ဝက်သည်းကန်တော်ကြီး၌ စုပေါင်းလုပ်အားပေး

စလင်း ဇွန် ၂၆

မကွေးတိုင်း မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဦးဆောင်မှုဖြင့် စလင်းမြို့နယ် သန့်ရှင်းသာယာလှပရေး ကော်မတီကြီးကြပ်မှုဖြင့် စလင်းမြို့ ဝက်သည်းကန်တော်ကြီး သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၆ရက်က ယင်းကန်တော်ကြီး၌ စုပေါင်းလုပ်အားပေးပွဲ ကျင်းပသည်။

ဖြည့်စွက်မှာကြား

အဆိုပါ လုပ်အားပေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အနီးဝန်းကျင် ကျေးရွာပြည်သူများ ပါဝင်ကြပြီး မင်းဘူး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး၊ စလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွဋ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေး ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ချမ်းအေးသာစံ၌ဆောင်ရွက်

မန္တလေး ဇွန် ၁၀

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအလယ်ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုရှိမရှိ၊ မြို့နယ်တာဝန်ခံဦးမြင့်ခိုင်၊ ခရိုင်အရန် မီးသတ်ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဒုတိယတပ်ခွဲမှူး ဦးအောင်ဝင်းနိုင်နှင့် ဒုတိယတပ်ခွဲမှူး ဦးမြင့်အောင်တို့ လိုက်ပါလျက် ဧပြီ ၂၅ရက်က ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

ရှင်းလင်းမှာကြား

ရှေးဦးစွာ မြို့နယ်တာဝန်ခံ မန္တလေး ဗဟိုမီးသတ်စခန်းမှူး ဦးမြင့်ခိုင်သည် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးလွင်၊ အဖွဲ့ဝင် (၁) ဦးမျိုးမြင့်၊ တပ်စုမှူးဦးအောင်ဌေးနှင့် တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး ကိစ္စရပ်များကို ရှင်းလင်းမှာကြားသည်။ ထို့နောက် တပ်စုမှူး ဦးအောင်ဌေးက ရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှုများကို မြေပုံနှင့်တကွ ရှင်းပြရာ မြို့နယ်တာဝန်ခံက လိုအပ်သည်များ မှာကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ရပ်ကွက်ဥက္ကဋ္ဌ ဦးမိုးလွင်၊ အဖွဲ့ဝင်(၁)ဦးမျိုးမြင့်တို့ လိုက်ပါလျက် မီးဘေးစိုးရိမ်ရသောဝင်းများရှိ နေအိမ်များ မီးဖိုမီးသုံးစွဲမှု၊ လျှပ်စစ်မီးသုံးစွဲမှု၊ မီးချိတ် မီးကပ်ထားရှိမှု၊ သဲပုံးရေပုံးထားရှိမှု၊ အရေးပေါ် မီးသတ်ကား ဝင်ထွက်နိုင်မှု၊ အရေးပေါ် ရေအလွယ်တကူရရှိမှု၊ အရေးပေါ် မီးသတ်ရေငုတ်များမှ ရေရရှိရေးများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အလားတူ မောရဂီဝါရပ်ကွက် အရန်မီးသတ်တပ်စုမှူးဦးမြင့်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ လိုက်ပါလျက် ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဝဇဝ)

သစ်ပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ မကွေးမြို့၌ ကျင်းပ

မကွေး ဇွန် ၂၂

မကွေးမြို့နယ်အတွင်း ၂၀၀၉-၂၀၁၀ ခုနှစ် ကျေးလက်အိမ်ရာထူထောင်ရေးအတွက် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧကနှင့် တစ်အိမ်ထောင်သစ်မာပင် ၂၀၊ တစ်အိမ်ထောင်ကျွန်းသုံးပင်စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ရက်က မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်ကျော်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းတိုးက ကျေးလက်အိမ်ရာစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၀၉-၂၀၁၀ ခုနှစ်၌ ကျေးလက်အိမ်ရာ စီမံချက်ပါ ကျေးရွာအုပ်စု ၂၉ အုပ်စုသို့ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသိန်းတိုးက တာဝန်ပေးအပ်လွှာများ ပေးအပ်သည်။

မကွေးမြို့နယ်အနေဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ကျေးလက်အိမ်ရာ စီမံချက်အရ ကျေးရွာပေါင်း ၁၀၀ ၌ တစ်ရွာတစ်ဧက ကျေးရွာပိုင်စိုက်ခင်းနှင့် တစ်အိမ်ထောင်သစ်မာပင် ၂၀ အတွက် ယူကလစ်ပင် ၄၁၆၉၈၀နှင့် တစ်အိမ်ထောင် ကျွန်းသုံးပင်အတွက် ကျွန်းပင် ၁၅၀၀၀တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်သစ်တောဦးစီး)

ပညာသင်စရိတ်ပေးအပ်လှူဒါန်းပွဲ ချောင်းဆုံမြို့ ကုလားဘီကျေးရွာ၌ ကျင်းပ

ချောင်းဆုံ ဇွန် ၁၈

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကုလားဘီကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၇ရက်က ကုလားဘီကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရည်ရွယ်ချက်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်ပညာရေးမှူး ဦးစံငွေတို့က အမှာစကားပြောကြားပြီး ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကိုက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။

ထို့နောက် ကုလားဘီကျေးရွာ အမက ကျောင်းသား ကျောင်းသူ ၁၂၅ ဦးတို့အား တစ်နှစ်စာဝတ်စုံ၊ စာရေးကိရိယာနှင့် ကုန်ကျငွေများကို တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများသို့ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ကော့ကရိတ်၌ ပညာသင်စရိတ်ပေးအပ်

ကော့ကရိတ် ဇွန် ၂၂

ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနိုင်က အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ကြားနေသူ ဝန်ထမ်းသားသမီး ၁၅ဦးတို့အား ပညာသင်စရိတ်ငွေကျပ် ၁၃၂၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မိုးကုတ်မြို့ ရေပေးဝေရေး ရေလှောင်ကန် စစ်ဆေး

မိုးကုတ် ဇွန် ၂၀

မိုးကုတ်မြို့(အရှေ့ပိုင်း) ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပေးဝေလျက်ရှိသည့် စစ်တန်းကုန်း(မြို့မ) ရေလှောင်ကန် သန့်ရှင်းသပ်ရပ်မှု ရှိမရှိ ဆောင်ရွက်ထားမှုကို ဇွန် ၅ ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးပြည်စိုးက ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တောင်ကုတ်စည်ပင် ရေပိုက်များသွယ်တန်း

တောင်ကုတ် ဇွန် ၁၂

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တောင်ကုတ်မြို့ပေါ်ရှိ ရေရှားပါးသော သိမ်တောင်ရပ်ကွက်သို့ ရေပိုက်များသွယ်တန်းမှုကို မေ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်စန်းစန်းအေးတို့က အနီးကပ်ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြံခင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ရွှေတောင်စုရပ်ကွက် (၄) လမ်း၌ ဆောင်ရွက်သည့် အုတ်စီကွန်ကရစ်မြောင်းကူးတံတား ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်ယူနိုက်တက် ဒဲလ်တာကို အနိုင်ယူပြီး ဗိုလ်လုပွဲတက်ဖို့ ခြေလှမ်းပြင်

ကမ္ဘောဇ - မကွေးပွဲစဉ်ရလဒ်ကို စောင့်ကြည့်ရမည်

ဒဲလ်တာယူနိုက်တက်အသင်းကို အနိုင်ရရှိသွားသည့် ရန်ကုန်ယူနိုက်တက်အသင်း ပွဲအပြီး ဤသို့ မြူးတူးပျော်ရွှင်စွာ အောင်ပွဲခံခဲ့သည်။ (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

- သတင်းမြင်ကွင်း - ဖိုးသော်ဇင်
- ဓာတ်ပုံမှတ်တမ်း - တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း)
- စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၄)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း ကိုယ်စားပြု ရန်ကုန်ယူနိုက်တက် F.C က ဧရာဝတီတိုင်း ကိုယ်စားပြု ဒဲလ်တာယူနိုက်တက် F.C ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိသွားပါတယ်။

ရန်ကုန်ယူနိုက်တက် F.C	-	နှစ်ဂိုး
ဒဲလ်တာယူနိုက်တက် F.C	-	ဂိုးမရှိ

ပြီးခဲ့တဲ့ ဇွန် ၂၅ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ရတနာပုံ F.C က မကွေး F.C ကို အနိုင်ရသွားတာကြောင့် ရန်ကုန်ယူနိုက်တက် F.C အနေနဲ့ အခုပွဲ အနိုင်ရရုံသာမက *စာမျက်နှာ ၁၃ ကော်လံ ၅* ✻

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၇-၆-၂၀၀၉

ပေါင်မြို့	၄ ဒသမ ၁၃ လက်မ
သထုံ	၃ ဒသမ ၇၈ လက်မ
ဘားအံ	၃ ဒသမ ၁၉ လက်မ
ကလေး	၂ ဒသမ ၇၆ လက်မ
ကျိုက္ခမီ	၂ ဒသမ ၄၀ လက်မ
ဖန်းမော်	၂ ဒသမ ၁၆ လက်မ

ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) လူနာတစ်ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်မှုမရှိစေရေးနှင့် ရောဂါဖြစ်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂၇

အသက် ၁၃နှစ်အရွယ်ရှိ အမျိုးသမီးငယ်တစ်ဦးသည် ၎င်း၏မိသားစုနှင့်အတူ ဇွန် ၂၁ရက်တွင် စင်ကာပူနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ကြောင်း၊ ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် စင်ကာပူလေကြောင်းလိုင်း 3K 585 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း၊ ၎င်းအား လေဆိပ်တွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးစဉ် အဖျားမရှိကြောင်း၊ အိမ်ရောက်ပြီးနောက် သူငယ်ချင်းများနှင့်အတူ စာဖတ်ဝိုင်းသို့ သွားရောက်စဉ် သင်တန်းဆရာမက ၎င်းချောင်းဆိုးနေသည်ကို သတိပြုမိသဖြင့် မိဘများနှင့်တိုင်ပင်ကာ ဇွန် ၂၆ရက် ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်စေခဲ့ကြောင်း။

အတည်ပြု

လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး သီးသန့်လူနာခန်းတွင်ထားရှိပြီး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနက စမ်းသပ်ခဲ့ရာ ဇွန် ၂၇ရက်တွင် ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1 N1) ရောဂါရှိကြောင်း အတည်ပြုတွေ့ရှိရသည်။

အဆိုပါလူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး သီးသန့်အခန်းတွင် ဆက်လက်ထားရှိပြီး စနစ်တကျကြပ်မတ်ကုသလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ရောဂါဖြစ်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် လူနာနှင့်ထိတွေ့မှုရှိသော မိသားစုဝင်များ၊ စာဖတ်ဝိုင်းအတူ တက်ရောက်ခဲ့သူများ၊ သင်တန်းဆရာမနှင့် မိသားစုများ အားလုံးကို ပြင်ပသို့သွားရောက်ခွင့်မပြုဘဲ ကာကွယ်ဆေးများပေးကာ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ လူနာနှင့်အတူ စီးနင်းလိုက်ပါလာသော လေယာဉ်စီးခရီးသည် ၉၁ ဦးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်)မှ ဝန်ထမ်းများအား ရောဂါဖြစ်ပွားမှု ရှိ မရှိ ဆက်လက်ကြည့်ရှုစောင့်ကြပ်လျက်ရှိကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ ရောဂါကူးစက်ဖြစ်ပွားမှု ရှိ မရှိကို ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ကြပ်မတ်ဆောင်ရွက်

အဆိုပါ လူနာသည် မြန်မာနိုင်ငံတွင် New Influenza A (H1N1) စတင်တွေ့ရှိသူဖြစ်ကြောင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A (H1N1) ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများတွင် အများပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူ၏ခံစားမှုအတိုင်း လှုပ်ရှားနိုင်သည့်စက်ရုပ်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

လူတစ်ဦး၏ စိတ်ခံစားမှုအတိုင်း အမူအရာဖြင့် သဘာဝကျစွာ လှုပ်ရှားနိုင်သော စက်ရုပ်ကို ဂျပန်နိုင်ငံတောင်ပိုင်း ကီတာကျူးရှူမြို့ အခြေစိုက်စက်ရုပ်များတီထွင်ထုတ်လုပ်ရေးလုပ်ငန်းမှ ပါမောက္ခ အက်ဆူရိုတာကာနာရှီနှင့် ဝါစီဒါ သိပ္ပံမှ အင်ဂျင်နီယာများက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

ပြသနိုင်

လူတစ်ဦးကဲ့သို့ စိတ်လှုပ်ရှားမှုနှင့် ခန္ဓာအစိတ်အပိုင်းများ ဟန်ချက်ညီအောင် လှုပ်ရှားမှုခုနစ်မျိုးအထိ ယင်းစက်ရုပ်က သရုပ်ဖော်ပြသနိုင်သည်ဖြစ်ရာ စက်ရုပ်နည်းပညာ၏ ထူးခြားစွာ တိုးတက်ပြောင်းလဲမှုတစ်ရပ်ပင်ဖြစ်သည်။

ခုနစ်မျိုး

“ကိုဘင်”ဟု အမည်ပေးထားသော စက်ရုပ်သည် **(အပေါ်ပုံ)** မျက်နှာပြင်အမူအရာပြောင်းလဲကာ လူတစ်ဦးကဲ့သို့ငိုကြွေးခြင်း၊ မျက်လုံးအနေအထားအမျိုးမျိုး ပြောင်းလဲနိုင်ခြင်း (ဥပမာ-အံ့ဩမှု၊ စိုးရိမ်ထိတ်လန့်မှု)၊ ပျော်ရွှင်ရယ်မောနိုင်ခြင်း၊ ခြေဟန်လက်ဟန်ဖြင့် စကားပြောဆိုနိုင်ခြင်း၊ ဘယ်ညာလက်နှစ်ဖက်စလုံး လိုအပ်သလိုလှုပ်ရှားနိုင်ခြင်း၊ လမ်းလျှောက်နိုင်ခြင်းနှင့် ပါးစပ်အနေအထားအမျိုးမျိုး ပြောင်းလဲနိုင်ခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိသည်ဟုဆိုသည်။

အသားအရေ

“ကိုဘင်”စက်ရုပ်၏ လက်ဖဝါးနှစ်ဖက်သည် လူတစ်ဦး၏ အသားအရေဖွဲ့စည်းမှုအတိုင်း *စာမျက်နှာ ၆ ကော်လံ ၁* ❐

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကွန်ပျူတာနှင့် အင်တာနက်ကို အချိန်ကြာမြင့်စွာသုံးစွဲသူများ စိတ်ကျရောဂါနှင့် အယ်လ်ဇိုင်းမားရောဂါများရရှိနိုင်ဟုဆို

အလုပ်ပင်ပန်းလွန်းခြင်းသည် စိတ်ကျရောဂါနှင့် ဆက်စပ်မှုရှိကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း ကနေဒါဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

နာ့ဗ်ကြော

အလုပ်တာဝန်များကို အချိန်ကြာမြင့်စွာ မရပ်မနား ဆောင်ရွက်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများ ဖြစ်ပေါ်စေနိုင်သည့်အပြင် အသက်အရွယ်ရရှိလာပါက နာ့ဗ်ကြောချို့ယွင်းမှုရောဂါများ ဖြစ်ပွားရန် အခွင့်အလမ်းများကြောင်း သိရသည်။

ဆဲလ်များပျက်စီး

အလုပ်တာဝန်များကို အချိန်ကြာရှည်စွာ စူးစိုက်လုပ်ဆောင်ရသူများ၊ *စာမျက်နှာ ၆ ကော်လံ ၁* ■